မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ တင်ပြလာသော Max Highway Co., Ltd.၏ ကော်မရှင် အစည်းအဝေးသို့ တင်ပြရန် ကြာချိန်

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုချက်လက်ခံရရှိခြင်း	၂၆-၁-၂၀၁၆	-	
၂	**သဘောထားမှတ်ချက်တောင်းခံခြင်း** (က) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	၁၀-၂-၂၀၁၆	၂၉-၂-၂၀၁၆	
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	၁၀-၂-၂၀၁၆	၇-၃-၂၀၁၆	
၃	PAT (၆/၂၀၁၆) အစည်းအဝေး တင်ပြခြင်း	၈-၂-၂၀၁၆	-	
၄	PATဆုံးဖြတ်ချက်အကြောင်းကြားခြင်း	၁၈-၂-၂၀၁၆	-	
၅	ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက် ပြန်လည်ပြင်ဆင်တင်ပြခြင်း		၇-၃-၂၀၁၆	
၆	အဆိုပြုချက်(၈)စုံပေးပို့ခြင်း		၁၅-၃-၂၀၁၆	
၇	စုစုပေါင်းကြာမြင့်ရက်	**(၄၈)ရက်**		

ကုမ္ပဏီအမည်	- Max Highway Co., Ltd.
အဖွဲ့အစည်းပုံသဏ္ဍာန်	- လီမိတက်ကုမ္ပဏီ(Private Company ဖြစ်ပါသည်။)
လုပ်ငန်းအမျိုးအစား	- BOTစနစ်ဖြင့် ဒဂုံတံတား-သီလဝါ စက်မှုဇုန် လမ်း(၁၃)မိုင်(၅)ဖာလုံ၊ သန်လျင်(ဘုရားကုန်း)-ကျောက်တန်းလမ်း(၈)မိုင် (၂)ဖာလုံနှင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း (၆)မိုင် စုစုပေါင်း(၂၇)မိုင် (၇)ဖာလုံတို့အား လမ်းအဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း
တည်နေရာ	- ရန်ကုန်တိုင်းဒေသကြီး
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- ကျပ် ၂၁၉၁၆.၉၁ သန်း (US$ ၄.၅၄ သန်း)
လုပ်ငန်းသက်တမ်း	- (၄၅) နှစ်
အရင်းကြေကာလ	- ၂၉ နှစ်နှင့် ၁၀ လ
IRR	- ၃.၅%

အထက်ပါ လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါ ဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost (ကျပ်သန်း)	Benefit (ကျပ်သန်း)
၁	နိုင်ငံ့ဝန်ထမ်းလစာ	၂.၁၆ (တစ်နှစ်)	-
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	၁.၁၆
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	၀.၃၂	
၄	လမ်းတံတားဖြတ်သန်းခရငွေ		၄၀၁.၂၄
၅	ဝင်ငွေခွန်	၃၅၁.၁၂	၄၀၆.၀၀
၆	လျှပ်စစ်မီးသုံးစွဲခ		၂၀၀.၃၄
၇	လုပ်ခလစာအပေါ်ဝင်ငွေခွန်		၅၃.၁၃
၈	CSR (၂%)		၂၄.၅
၉	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်းဝန်ထမ်း ၂၂၁ ဦး အလုပ်အကိုင် ရရှိမည်ဖြစ်ပါသည်။
	စုစုပေါင်း	**ကျပ် ၃၅၃.၆ သန်း**	**ကျပ် ၁၀၈၆.၃၇ သန်း**
	Cost : Benefit	၁ : ၃	

ကန့်သတ်

Max Highway Co., Ltd.မှ ဒဂုံတံတား-သီလဝါ စက်မှုဇုန် လမ်း(၁၃)မိုင်(၅)ဖာလုံ၊ သန်လျင်(ဘုရားကုန်း)- ကျောက်တန်း လမ်း(၈)မိုင် (၂)ဖာလုံနှင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း(၆)မိုင် စုစုပေါင်း (၂၇)မိုင်(၇)ဖာလုံတို့အား BOTစနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်း နှင့် စပ်လျဉ်းသည့်အဓိကအချက်များ

၁။	ကုမ္ပဏီအမည်	-	Max Highway Co., Ltd. မက်စ် ဟိုင်းဝေး ကုမ္ပဏီလီမိတက်
၂။	လုပ်ငန်းအဆိုပြုသူအမည်	-	ဦးဇော်ဇော်(အဘ-ဦးယုစိန်)
၃။	အဖွဲ့အစည်းပုံသဏ္ဍာန်	-	လီမိတက်ကုမ္ပဏီ (Private Company ဖြစ်ပါသည်)
၄။	အဆိုပြုလုပ်ငန်းအမျိုးအစား	-	ဒဂုံတံတား-သီလဝါ စက်မှုဇုန်လမ်း (၁၃)မိုင်(၅)ဖာလုံ၊ သန်လျင်(ဘုရားကုန်း)-ကျောက်တန်းလမ်း (၈)မိုင် (၂) ဖာလုံ နှင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း (၆)မိုင် စုစုပေါင်း (၂၇)မိုင်(၇)ဖာလုံတို့အား BOTစနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း
၅။	လုပ်ငန်းတည်နေရာ	-	ရန်ကုန်တိုင်းဒေသကြီး
၆။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	**ကျပ် ၂၁၉၁၆.၉၁ သန်း (US$ ၄.၅၄ သန်းခန့်အပါအဝင်)**
	ငွေပမာဏ		ကျပ် ၁၂၀၀၀.၀၀ သန်း
	စက်ပစ္စည်းကိရိယာများ တန်ဖိုးပမာဏ		ကျပ် ၅၄၄၆.၈၀ သန်း(US$ ၄.၅၄ သန်းအပါအဝင်)
	လမ်းပြုပြင်ခြင်း		ကျပ် ၁၄၂၅.၆၄ သန်း
	အဆောက်အဦများ		ကျပ် ၆၃၆.၄၇ သန်း
	ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများတန်ဖိုးပမာဏ		ကျပ် ၇၂၈.၀၀ သန်း
	အခြား(ကတ္တရာ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ)		ကျပ် ၁၆၈၀.၀၀ သန်း
၇။	ရင်းနှီးမြှုပ်နှံမှုသက်တမ်း	-	ကနဦး (၄၅)နှစ် နှင့် နောက်ထပ်(၁၀)နှစ် (၁)ကြိမ်
၈။	တည်ဆောက်ရေးကာလ	-	၃ နှစ်
	ပဏာမစူးစမ်းလေ့လာမှုကာလ	-	၁၂ လ
၉။	လမ်းတံတား အသုံးပြုခ ကောက်ခံမည့် ဂိတ်တည်နေရာ	-	လမ်းတံတား အသုံးပြုခ ကောက်ခံမည့် ဂိတ်တည်နေရာများမှာ အောက်ပါအတိုင်းဖြစ်ပါ သည်- (က) ဂိတ်(၁)ဒဂုံတံတား-သီလဝါ-စက်မှုဇုန်လမ်းမိုင်တိုင်အမှတ် ၀/၁ (ခ) ဂိတ်(၂)ပဲခူး- သနပ်ပင်- ခရမ်း- သုံးခွ- သန်လျင်လမ်း မိုင်တိုင်အမှတ် ၆၇/၀
၁၀။	နိုင်ငံတော်မှ ရရှိမည့်အကျိုးအမြတ် (၆ နှစ်မြောက်)		
	- ဝင်ငွေခွန်	-	ကျပ် ၃၉.၄၁ သန်း
	- လမ်းတံတားဖြတ်သန်းခရငွေ	-	ကျပ် ၅၁.၀၃ သန်း

၁၁။	အရင်းကြေကာလ	-	(၂၉)နှစ် (၁၀)လ
၁၂။	အရင်းအနှီးပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	-	၃.၅ %
၁၃။	ဝန်ထမ်းအင်အား ပြည်တွင်း ပြည်ပ	- -	၂၂၁ ဦး - (ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ တစ်လလျှင် ကျပ် ၁၁၀၀၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၅၀၀၀၀၀ ဖြစ်ပါသည်။)
၁၄။	B.O.Tစာချုပ် (မူကြမ်း)ပါ အဓိကအချက်များ	-	ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီး ဌာနနှင့် ကုမ္ပဏီတို့ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ သဘောထား မှတ်ချက်နှင့် အညီ ချုပ်ဆိုမည့် BOT ပဋိညာဉ်စာချုပ် (မူကြမ်း)ပါ အဓိက အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
		-	(က) လုပ်ငန်း သက်တမ်းကာလမှာ (၄၅)နှစ်ဖြစ်ပြီး နှစ်ဖက် သဘောတူပါက (၁၀)နှစ် တစ်ကြိမ် တိုးမြှင့် နိုင်သည်။ လုပ်ငန်းသက်တမ်းကာလကို ရေတွက်ရာတွင် ခွင့်ပြု သတ်မှတ်ထားသည့် လုပ်ငန်းကာလ (၃) နှစ်အထိ စီမံကိန်း လုပ်ငန်းပါ ဆောင်ရွက် ရမည့် လုပ်ငန်းများကို အပြီးဆောင်ရွက် ပြီးစီးသည့်နေ့ (သို့မဟုတ်) လုပ်ငန်း သက်တမ်း ကာလ (၃)နှစ် ထက်စော၍ ပြီးစီးပြီး လုပ်ငန်း အပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ်ထုတ်ပေးသည့် နေ့ရက်၊ ထိုနှစ်ရပ် အနက်စောရာ နေ့ရက်ကာလမှစတင် သတ်မှတ်မည် ဖြစ်ပါသည်။ [စာချုပ်အပိုဒ် ၂၃-(ခ/ဂ)] (ခ) လုပ်ငန်းလုပ်ကိုင်ခွင့် ရသူသည် စာချုပ်ချုပ်ဆိုပြီး (၃၀) ရက်အတွင်း ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်၏(၁) ရာခိုင် နှုန်းနှင့်ညီမျှသော ငွေကို ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံအတွင်းရှိ တရားဝင် ခွင့်ပြုထားသော ဘဏ် တစ်ခုခုမှ ထုတ်ပေးသည့် ကြိုတင်စည်းကမ်းချက်များ မပါရှိဘဲ ပြန်လည် ရုပ်သိမ်းနိုင်ခွင့်မရှိသော လုပ်ငန်း အကောင်အထည်ဖော်ရန် တာဝန်ယူသည့် ဘဏ်အာမခံ ကို လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသူထံ ပေးအပ်ရမည်ဖြစ် သည်။ [စာချုပ် (မူကြမ်း) အပိုဒ်- ၆] (ဂ) တံတားအသုံးပြုခများကို ကောက်ခံရာတွင် ပေ (၁၈၀) အထက် ရှည်သည့် တံတားများအတွက် နိုင်ငံတော်မှ တည်ဆောက်ထားသော တံတားများအား လေလံစနစ် ဖြင့် လည်းကောင်း၊ သက်ဆိုင်ရာ ကုမ္ပဏီ၏ ရန်ပုံငွေဖြင့် တည်ဆောက်သော တံတားများအတွက် လုပ်ငန်း လုပ် ကိုင်ခွင့်ပြုသူနှင့် လုပ်ငန်းလုပ်ကိုင်ခွင့် ရသူတို့၏ ညှိနှိုင်း သဘောတူညီသည့် နှုန်းထားဖြင့် ကောက်ခံရမည် ဖြစ်သည်။ [စာချုပ် (မူကြမ်း) အပိုဒ်- ၈ ခ(၁)] (ဃ) စတင်ကောက်ခံသည့် ပထမ(၅)နှစ် ကာလအတွက် လမ်းတံတား အသုံးပြုခမှ နိုင်ငံတော်သို့ ပေးသွင်းခြင်းကို ကင်းလွတ် ခွင့်ပြုသည်။ ကျန်ကာလအတွက် တစ်ဖက်ပါ သတ်မှတ်ထားသည့်ရာခိုင်နှုန်းများအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရမည် ဖြစ်ပါသည်။ [စာချုပ်အပိုဒ် ၅-ပ]

		(၁) ပထမ(၅)နှစ်အတွက် ကင်းလွတ်ခွင့်ကာလ (၂) (၆)နှစ်မြောက်မှ(၁၅)နှစ်မြောက်အထိ (၁၀)နှစ် ၅% (၃) (၁၆)နှစ်မြောက်မှ(၂၅)နှစ်မြောက်အထိ (၁၀)နှစ် ၁၀% (၄) (၂၆)နှစ်မြောက်မှ(၃၅)နှစ်မြောက်အထိ (၁၀)နှစ် ၁၅% (၅) (၃၆)နှစ်မြောက်မှ(၄၅)နှစ်မြောက်အထိ (၁၀)နှစ် ၂၀% (၆) ၄၅ နှစ် ကျော် ကာလအတွက် အချိန် တိုးမြှင့်ကောက်ခံခွင့် တင်ပြချိန်တွင် နိုင်ငံတော် မှ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအတိုင်း ပေးသွင်းရန် ဖြစ်ပါသည်။ (င) လုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ၏စာဖြင့် ရေးသားထားသော ခွင့်ပြုချက်မရဘဲ လုပ်ငန်းကို လွှဲပြောင်းခြင်း၊ လုပ်ငန်း တစ်စိတ် တစ်ဒေသကို ထပ်ဆင့် ငှားရမ်းခြင်းမပြုရ။ [စာချုပ် (မူကြမ်း) အပိုဒ်-၅ ထ] (စ) လုပ်ငန်းလုပ်ကိုင် ခွင့်ရသူသည် လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသူ၏စာဖြင့် ရေးသားထားသော ခွင့်ပြုချက်မရဘဲ လမ်း၊ တံတားအသုံးပြုခ ကောက်ခံရေးဂိတ်များနှင့် ကောက်ခံသည့် နှုန်းထားများကို ပြောင်းလဲခြင်းမပြုရ။ [စာချုပ်(မူကြမ်း) အပိုဒ်- ၅ ဓ] (ဆ)လုပ်ငန်းလုပ်ကိုင်ခွင့် ရသူသည် စာချုပ်ပါ လုပ်ငန်းလုပ်ကိုင်ခွင့်ကာလ ကုန်ဆုံးပါက အဆိုပါလမ်း၊ တံတားများ၊ ဂိတ်များနှင့် အဆောက်အဦများကို ကောင်းမွန်သော အနေအထားအတိုင်း လုပ်ငန်းလုပ်ကိုင် ခွင့်ပြုသူထံ အဖိုးစားနား မဲ့လွှဲပြောင်းပေး ရမည်ဖြစ်သည်။ [စာချုပ် (မူကြမ်း) အပိုဒ်- ၂၀]
၁၅ ။	အခြားတင်ပြချက်	ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အောက်ပါအတိုင်း တင်ပြထားပါသည်- (က) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ (၁၇-၆-၂၀၁၀) ရက်စွဲပါစာဖြင့် Max Highway Co., Ltd. ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း (၆၉/၂)မိုင်၊ ဒဂုံတံတားမှ သီလဝါ စက်မှုဇုန်သို့ ဆက်သွယ်သည့်လမ်း (၁၃/၂)မိုင်၊ သန်လျင်(ဘုရားကုန်း)မှ ကျောက်တန်းလမ်း(၈/၂)မိုင်၊ သန်လျင်(ဘုရားကုန်း)မှ သီလဝါ ဆိပ်ကမ်းလမ်း(၆/၀)မိုင် စုစုပေါင်း (၉၆/၆)မိုင်ကို စတင် အကောင်ထည်ဖော်ဆောင်ရွက်ရန် (၃၀-၄-၂၀၁၀) နေ့တွင် ကျင်းပပြုလုပ်သည့် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၁၀) မှ လုပ်ငန်း ကြိုတင်ဆောင်ရွက်ရန် ခွင့်ပြုခဲ့သည်။ (ခ) လမ်းဦးစီး၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ (၂-၁၀-၂၀၁၃) ရက်စွဲဖြင့် လည်းကောင်းကုမ္ပဏီ မှ (၂၃-၅-၂၀၁၃) ရက်စွဲဖြင့်

			လည်းကောင်း သန်လျင်-သီလဝါ ဆိပ်ကမ်းလမ်း (၆/၀)မိုင်အား B.O.T စနစ်ဖြင့် လမ်းအသုံးပြုခ ကောက်ခံခွင့်ရရှိပြီး သီးခြား ဂိတ်ဖွင့်လှစ်၍ ကောက်ခံရန် အခက်အခဲရှိပါသဖြင့် လုပ်ငန်းအပ်နှံ ခွင့်ပြုရန် တင်ပြခဲ့မှုအပေါ် သန်လျင်-သီလဝါ ဆိပ်ကမ်းလမ်း (၆/၀)မိုင်ကို လုပ်ငန်း ပြန်လည် အပ်နှံခွင့်ပြုကြောင်းနှင့် လွှဲပြောင်း လက်ခံသည့် မှတ်တမ်းအား ပြန်လည် တင်ပြရန် အကြောင်းကြားသည့် စာတင်ပြထားပါသည်။ (ဂ) လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ (၂၅-၁၁-၂၀၁၅) ရက်စွဲဖြင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင် လမ်း (မိုင်တိုင် ၆၉ မိုင် ၂ ဖာလုံ)အား (၃၀-၄-၂၀၁၀) နေ့တွင် B.O.T စနစ်ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး (၁၁-၂-၂၀၁၃) ရက်နေ့တွင် လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲရှိသဖြင့် မိုင်တိုင် (၆၃)မိုင် (၂)ဖာလုံအား ပြန်လည် အပ်နှံခဲ့ခြင်းအပေါ် ပြန်လည် လက်ခံရန်နှင့် ပဲခူး-သနပ်ပင်- ခရမ်း-သုံးခွ-သန်လျင် လမ်း မိုင်၆၃/၂-၆၉/၂ထိ (၆)မိုင်အား ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရန် အကြောင်းကြားသည့် စာတင်ပြထားပါသည်။ (ဃ) လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ (၂၈-၁၂-၂၀၁၅) ရက်စွဲပါစာဖြင့် ဒဂုံတံတား မှ သီလဝါ စက်မှုဇုန်သို့ ဆက်သွယ်သည့်လမ်း မိုင်၀/၀-၁၀/၂ထိ (၁၀/၂) မိုင်နှင့် ဒဂုံသီလဝါလမ်းမိုင်၁၀/၂-၁၃/၅ထိ (၃/၃)မိုင်စုစုပေါင်း (၁၃/၅)မိုင်အရှည်အား BOTစနစ်ဖြင့် ဆက်လက်လုပ်ကိုင် ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားသည့်စာတင်ပြထားပါသည်။
၁၆။	စိစစ်တင်ပြချက်		(က)မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုမိန့် ထုတ်ပေးထားသော BOT စနစ်ဖြင့် လမ်းပြုပြင်ဖောက်လုပ်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း (၆၄)ခုရှိပါသည်။ (ခ) Max Highway Co., Ltd. သည် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏ ၁၁/၂၀၁၀ အရ ခွင့်ပြုခဲ့သည့် စုစုပေါင်း လမ်း၉၆/၆မိုင်အနက် သန်လျင် (ဘုရားကုန်း) သီလဝါဆိပ်ကမ်း ၆/၀မိုင်ကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ၂-၁၀-၂၀၁၃ ရက်စွဲပါစာ အရလည်းကောင်း၊ ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင် လမ်း ၆၃မိုင် ၂ ဖာလုံကို လမ်းဦးစီးဌာန၏ ၂၅-၁၁-၂၀၁၅ ရက်စွဲပါစာအရ လည်းကောင်း စုစုပေါင်းလမ်းမိုင် ၆၉/၂ မိုင်ကို ပြန်လည် အပ်နှံခဲ့ကြောင်း စိစစ် တွေ့ရှိရပါသည်။ (ဂ) ယခုအခါ မြေပြင်အမှန် တိုင်းတာချက်များအရ ကျန်ရှိသော စုစုပေါင်းလမ်းမိုင် ၂၇/၇ မိုင်အား BOT စနစ်ဖြင့်လမ်းအဆင့်မြှင့်တင်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ခွင့်ပြုပါရန် တင်ပြလာခြင်းဖြစ်ပါသည်။

(ဃ) အဆိုပြုလုပ်ငန်းအတွက် US$ ၄.၅၄ သန်းခန့် တန်ဖိုးရှိ အောက်ပါ စက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းမည် ဖြစ်ပါသည်-

စဉ်	အမျိုးအစား	အရေအတွက်	ဈေးနှုန်း (US$)	တန်ဖိုး (US$)
၁	Bull Dozer(Komatsu)	၃	၁၆၀၀၀၀	၄၈၀၀၀၀
၂	Bull Dozer(Cat)	၁	၁၀၀၀၀၀	၁၀၀၀၀၀
၃	Excavator(Hitachi)	၁	၁၅၀၀၀၀	၁၅၀၀၀၀
၄	Excavator(Small)	၂	၁၀၀၀၀၀	၂၀၀၀၀၀
၅	Front End Loader (Kawasaki)	၁	၁၅၀၀၀၀	၁၅၀၀၀၀
၆	Motar Grader (Mitsubishi)	၁	၁၅၀၀၀၀	၁၅၀၀၀၀
၇	Road Roller (3 Wheel) 6-8 Ton	၄	၇၀၀၀၀	၂၈၀၀၀၀
၈	Road Roller(2 Wheel) 6-8 Ton	၂	၅၀၀၀၀	၁၀၀၀၀၀
၉	Rubber Tire Roller	၂	၄၅၀၀၀	၉၀၀၀၀
၁၀	Dual Drum	၂	၆၀၀၀၀	၁၂၀၀၀၀
၁၁	Soil Compactor	၁	၁၂၀၀၀၀	၁၂၀၀၀၀
၁၂	Water Bowser	၁	၃၀၀၀၀	၃၀၀၀၀
၁၃	Fuel Bowser	၁	၃၀၀၀၀	၃၀၀၀၀
၁၄	Tipper(6 wheel) 4.5 Ton	၂	၂၅၀၀	၅၀၀၀
၁၅	Tipper(10 wheel) 4.5 Ton	၄	၆၀၀၀	၂၄၀၀၀
၁၆	Mobile Asphalt Concrete Plant (20t/ hr)	၁	၄၀၀၀၀၀	၄၀၀၀၀၀
၁၇	Asphalt Concrete Power (Road Finisher)	၁	၂၅၀၀၀၀	၂၅၀၀၀၀
၁၈	Concrete Batching & Mixing Plant(60t/hr)	၁	၁၀၀၀၀၀၀	၁၀၀၀၀၀၀
၁၉	Concrete Batching & Mixing Plant(40t/hr)	၁	၈၀၀၀၀၀	၈၀၀၀၀၀
၂၀	Generator 100 KVA	၃	၂၀၀၀၀	၆၀၀၀၀
	စုစုပေါင်း			၄၅၃၉၀၀၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက-၄/မ- ၁၅၃၁ /၂၀၁၆(၄၁၅)

ရက်စွဲ၊ ၂၀၁၆ ခုနှစ် မတ် လ ၁၄ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **Max Highway Co., Ltd.မှ ဒဂုံတံတား-သီလဝါ စက်မှုဇုန် လမ်း(၁၃)မိုင် (၅)ဖာလုံ၊ သန်လျင်(ဘုရားကုန်း)-ကျောက်တန်းလမ်း(၈)မိုင် (၂)ဖာလုံနှင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း(၆)မိုင် စုစုပေါင်း (၂၇) မိုင်(၇)ဖာလုံတို့အား BOTစနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြခြင်းကိစ္စ**

၁။ Max Highway Co., Ltd.မှ ဒဂုံတံတား-သီလဝါ စက်မှုဇုန်လမ်း (၁၃)မိုင် (၅)ဖာလုံ၊ သန်လျင် (ဘုရားကုန်း)-ကျောက်တန်းလမ်း(၈)မိုင်(၂)ဖာလုံနှင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း(၆)မိုင် စုစုပေါင်း (၂၇)မိုင် (၇)ဖာလုံတို့အား BOTစနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်၍ လမ်းအသုံးပြုခကောက်ခံခြင်း လုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် ရင်းနှီးမြှုပ်နှံသူ ဦးဇော်ဇော်မှ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက်အား ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်းပသည့် အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ ၆/၂၀၁၆ ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အောက်ပါအတိုင်းတင်ပြထားပါသည်-

(က) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ (၁၇-၆-၂၀၁၀) ရက်စွဲပါစာဖြင့် Max Highway Co., Ltd. ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင် လမ်း(၆၉/၂)မိုင်၊ ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့်လမ်း (၁၃/၂)မိုင်၊ သန်လျင် (ဘုရားကုန်း) မှကျောက်တန်းလမ်း(၈/၂)မိုင်၊ သန်လျင် (ဘုရားကုန်း) မှ သီလဝါဆိပ်ကမ်းလမ်း(၆/၀)မိုင် စုစုပေါင်း(၉၆/၆)မိုင်ကိုစတင် အကောင်ထည်ဖော် ဆောင်ရွက်ရန် (၃၀-၄-၂၀၁၀)နေ့တွင် ကျင်းပပြုလုပ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၁၀)မှလုပ်ငန်းကိုတင်ဆောင်ရွက်ရန် ခွင့်ပြုခဲ့သည်။

(ခ) လမ်းဦးစီး၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ (၂-၁၀-၂၀၁၃)ရက်စွဲဖြင့်လည်းကောင်း ကုမ္ပဏီမှ (၂၃-၅-၂၀၁၃) ရက်စွဲဖြင့် လည်းကောင်း သန်လျင်-သီလဝါ ဆိပ်ကမ်းလမ်း(၆/၀)မိုင်အား B.O.T စနစ်ဖြင့် လမ်းအသုံးပြုခ ကောက်ခံခွင့်ရရှိပြီး သီးခြား ဂိတ်ဖွင့်လှစ်၍ ကောက်ခံရန် အခက်အခဲ ရှိပါသဖြင့် လုပ်ငန်းအပ်နှံခွင့်ပြုရန် တင်ပြခဲ့မှုအပေါ် သန်လျင်-သီလဝါ

ကန့်သတ်

ဆိပ်ကမ်းလမ်း (၆/၀)မိုင်ကို လုပ်ငန်းပြန်လည်အပ်နှံ ခွင့်ပြုကြောင်းနှင့် လွှဲပြောင်း လက်ခံသည့် မှတ်တမ်းအား ပြန်လည်တင်ပြရန် အကြောင်းကြားသည့် စာတင်ပြထား ပါသည်။

၃။ လုပ်ငန်း၏ မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၄.၅၄ သန်းခန့် အပါအဝင် စုစုပေါင်း ကျပ် ၂၁၉၁၆.၉၁ သန်းခန့် ဖြစ်ပါသည်။ လုပ်ငန်းအတွက်လိုအပ်သော စက်ပစ္စည်းများ အမေရိကန်ဒေါ်လာ ၀.၈၄ သန်းဖိုးကို ပြည်ပမှဝယ်ယူမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမည့် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	ငွေပမာဏ	ကျပ်	၁၂၀၀၀.၀၀	သန်း	
(ခ)	စက်ပစ္စည်းကိရိယာများ တန်ဖိုးပမာဏ	ကျပ်	၅၄၄၆.၈၀	သန်း	(US$ ၄.၅၄ သန်း)
(ဂ)	လမ်းပြုပြင်ခြင်း	ကျပ်	၁၄၂၅.၆၄	သန်း	
(ဃ)	အဆောက်အဦများ	ကျပ်	၆၃၆.၄၇	သန်း	
(င)	ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများတန်ဖိုးပမာဏ	ကျပ်	၇၂၈.၀၀	သန်း	
(စ)	အခြား(ကတ္တရာ၊ ခတ်ဆီ၊ ဒီဇယ်ဆီ)	ကျပ်	၁၆၈၀.၀၀	သန်း	
	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	**ကျပ်**	**၂၁၉၁၆.၉၁**	**သန်း**	**(US$ ၄.၅၄ သန်း)**

၄။ အဆိုပြုလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်သည့်ကာလတွင် ပြည်တွင်းမှဝန်ထမ်း (၂၂၁)ဦးခန့် ထားမည်ဖြစ်ပြီး ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ တစ်လလျှင် ကျပ် ၁၁၀၀၀၀ ဖြစ်ပြီး အမြင့်ဆုံး လစာမှာ ကျပ် ၅၀၀၀၀၀ဖြစ်ပါသည်။

၅။ လမ်းတံတား အသုံးပြုခ ကောက်ခံမည့် ဂိတ်တည်နေရာများမှာ အောက်ပါအတိုင်းဖြစ်ပါ သည်-

(က) ဂိတ်(၁) ဒဂုံတံတား-သီလဝါ-စက်မှုဇုန်လမ်း မိုင်တိုင်အမှတ်၀/၁

(ခ) ဂိတ်(၂) ပဲခူး-သနပ်ပင်- ခရမ်း-သုံးခွ-သန်လျင်လမ်း မိုင်တိုင်အမှတ် ၆၇/၀

၆။ အဆိုပြုလမ်းအပိုင်းအား B.O.T စနစ်ဖြင့် လမ်းအဆင့် တိုးမြှင့်ဖောက်လုပ်ခြင်း လုပ်ငန်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီ၏ (၄၂/၂၀၁၅)(၂၅-၁၁-၂၀၁၅) အစည်း အဝေးအရ လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုချက် ရရှိထားပြီး ဖြစ်ပါသည်။

၇။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနှင့်ကုမ္ပဏီတို့ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အညီ ချုပ်ဆိုမည့် BOT ပဋိညာဉ်စာချုပ် (မူကြမ်း)ပါ အဓိကအချက်များ မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လမ်းဖောက်လုပ်သည့် လုပ်ငန်းကာလ (တည်ဆောက်ရေးကာလ) မှာ (၃)နှစ်ဖြစ်ပါ သည်။ [စာချုပ်အပိုဒ် ၉-ဂ(၁)]

(ခ) လုပ်ငန်း သက်တမ်းကာလမှာ (၄၅)နှစ် ဖြစ်ပြီး နှစ်ဖက်သဘောတူပါက (၁၀)နှစ် တစ်ကြိမ် တိုးမြှင့်နိုင်သည်။ လုပ်ငန်းသက်တမ်းကာလကို ရေတွက်ရာတွင် ခွင့်ပြု သတ်မှတ်ထားသည့် လုပ်ငန်းကာလ(၃)နှစ်အထိ စီမံကိန်း လုပ်ငန်းပါ ဆောင်ရွက်

ကန့်သတ်

ရမည့်လုပ်ငန်းများကိုအပြီးဆောင်ရွက်ပြီးစီးသည့်နေ့ (သို့မဟုတ်)လုပ်ငန်းသက်တမ်းကာလ (၃)နှစ်ထက်စောရွှေ့ ပြီးစီးပြီး လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ်ထုတ်ပေးသည့် နေ့ရက်၊ ထိုနှစ်ရပ်အနက်စောရာ နေ့ရက်ကာလမှစတင် သတ်မှတ်မည်ဖြစ်ပါသည်။ [စာချုပ်အပိုဒ် ၂၃-(ခ/ဂ)]

(ဂ) ကုမ္ပဏီမှ အောက်ပါလမ်းအသုံးပြုခနှုန်းများအတိုင်း ကောက်ခံမည်ဖြစ်ပါသည်- [စာချုပ်အပိုဒ် ၈(က)]

	ယာဉ်အမျိုးအစား	**လမ်းအသုံးပြုခ တစ်မိုင်နှုန်း (ကျပ်)**
၁	သုံးဘီးဆိုင်ကယ်	၅
၂	ထော်လာဂျီ(ဒိန်းဒေါင်း)၊ ဆလွန်း၊ဗင်၊ (၂)တန်အောက်	၅
၃	Farm Truck (၂ လုံးထိုး)၊ Double Cab၊ Pajero ၊ Parado ၊ Micro Bus၊ Super Custom ၊ ခရီးသည်ယာဉ်(လတ်)	၁၅
၄	ဟိုင်းလတ်၊ လိုက်ထရပ်(သေး)	၂၀
၅	ဒိုင်နာ၊ ကင်တာ(လတ်)၊ လိုက်ထရပ်(လတ်)(၄) ဘီးကား	၂၀
၆	Farm Truck(၄ လုံးထိုး)၊	၃၀
၇	ဒိုင်နာ၊ ကင်တာ၊ လိုက်ထရပ်(ကိုယ်ထည် အလျား= ၁၅ ပေ အောက်) (၆) ဘီး၊ Mini Bus ခရီးသည်(၂၄)ဦး၊ ဟီးနိုး (သေး)(၂၅)ဦး	၃၀
၈	ဒိုင်နာ၊ ကင်တာ(ကြီး) (ကိုယ်ထည်အလျား= ၁၅ ပေ အထက်) (၆) ဘီး	၇၅
၉	BM ခရီးသည်တင်ယာဉ်(လတ်)ခရီးသည်(၂၆ မှ ၃၅) ဦးထိ	၃၀
၁၀	ဟီးနိုး၊ ကာကို၊ နီဆန်း၊ ကွန်တို(၆)ဘီးကား၊ (ကုန်တင် ယာဉ်)	၁၀၀
၁၁	TE 11 ၊ TE 21 ၊ GMC၊ Fuso ၊ UD ကောင်တာ (၆)ဘီးကား(ကုန်တင်ယာဉ်)	၁၀၀
၁၂	ဟီးနိုး၊ ဟွန်ဒိုင်း၊ ဒေဝူး၊ ခရီးသည်တင်ယာဉ်(ကြီး) (ခရီးသည် ၃၆ မှ ၄၅) ဦးထိ	၅၀
၁၃	ခရီးသည်တင် မှန်လုံယာဉ်ကြီး (ခရီးသည် ၄၆ ဦး နှင့်အထက်)	၅၅
၁၄	(၆)ဘီးကား၊ ဝင်ရိုး(၂)ခုပါကုန်တင်ယာဉ်ကြီး	၁၀၀
၁၅	(၈)ဘီးကား၊ ဝင်ရိုး(၃)ခုပါ ကုန်တင်ယာဉ်ကြီး	၁၁၅
၁၆	(၁၀)ဘီးကား၊ ဝင်ရိုး(၃)ခုပါ ကုန်တင်ယာဉ်ကြီး	၁၂၅
၁၇	(၁၂)ဘီးကား၊ ဝင်ရိုး(၄)ခုပါ ကုန်တင်ယာဉ်ကြီး	၁၅၀
၁၈	(၁၄)ဘီးကား၊ ဝင်ရိုး(၅)ခု (Lift Axle)ပါ ကုန်တင်ယာဉ်ကြီး (ဘီးအားလုံးလမ်းပေါ် ချ၍ မောင်းနှင်ရမည်)	၁၇၅
၁၉	(၁၄)ဘီးတွဲကား၊ ဝင်ရိုး(၄)ခုပါ၊ ကုန်တင်ယာဉ်ကြီး (နောက်တွဲပါ)	၂၀၀

ကန့်သတ်

၂၀	(၁၈)ဘီးတွဲကား၊ ဝင်ရိုး(၅)ခုပါ၊ ကုန်တင်ယာဉ်ကြီး (နောက်တွဲပါ)	၃၀၀
၂၁	(၂၂)ဘီးတွဲကား၊ ဝင်ရိုး(၆)ခုပါ၊ ကုန်တင်ယာဉ်ကြီး (နောက်တွဲပါ)	၃၅၀
၂၂	အမှတ်စဉ်(၁၀)မှ (၂၁)အတွင်း ပါရှိသော ကုန်တင်ယာဉ်များသာ ကုန်မပါအလွတ်ဖြစ်ပါက	၁၀၀

(ဃ) ခွင့်ပြုထားသော လမ်းအပိုင်းပေါ်ရှိ တံတားများအသုံးပြုခကို ကောက်ခံရာတွင် ပေ (၁၈၀) နှင့်အထက်ရှည်သည့် တံတားများအတွက် နိုင်ငံတော်မှ တည်ဆောက်ထားသော တံတားများအား လေလံစနစ်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာကုမ္ပဏီ၏ ရန်ပုံငွေဖြင့် တည်ဆောက်သောတံတားများအတွက် ဌာနနှင့် ကုမ္ပဏီတို့၏ ညှိနှိုင်းသဘောတူညီသည့် နှုန်းထားဖြင့်သာ ကောက်ခံမည်ဖြစ်ပါသည်။ [စာချုပ်အပိုဒ် ၈-ခ (၁)]

(င) စတင်ကောက်ခံသည့်ပထမ(၅)နှစ်ကာလအတွက် လမ်းတံတား အသုံးပြုခမှ နိုင်ငံတော်သို့ ပေးသွင်းခြင်းကို ကင်းလွတ်ခွင့်ပြုသည်။ ကျန်ကာလအတွက် အောက်ပါသတ်မှတ် ထားသည့် ရာခိုင်နှုန်းများအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရမည် ဖြစ်ပါသည်။ [စာချုပ်အပိုဒ် ၅-ပ]

(၁)	ပထမ(၅)နှစ်အတွက်	ကင်းလွတ်ခွင့်ကာလ
(၂)	(၆)နှစ်မြောက်မှ(၁၅)နှစ် မြောက်အထိ (၁၀)နှစ်	၅%
(၃)	(၁၆)နှစ်မြောက်မှ(၂၅)နှစ် မြောက်အထိ (၁၀)နှစ်	၁၀%
(၄)	(၂၆)နှစ်မြောက်မှ(၃၅)နှစ် မြောက်အထိ (၁၀)နှစ်	၁၅%
(၅)	(၃၆)နှစ်မြောက်မှ(၄၅)နှစ် မြောက်အထိ (၁၀)နှစ်	၂၀%
(၆)	၄၅ နှစ်ကျော်ကာလအတွက် အချိန်တိုးမြှင့် ကောက်ခံခွင့် တင်ပြချိန်တွင် နိုင်ငံတော် မှ သတ်မှတ် ပေးသည့် ရာခိုင်နှုန်းအတိုင်း ပေးသွင်းရန်ဖြစ်ပါသည်။	

(စ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် စာချုပ်ချုပ်ဆိုပြီး (၃၀)ရက်အတွင်း ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်၏ (၁)ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ တရားဝင် ခွင့်ပြုထားသော ဘဏ်တစ်ခုခုမှ ထုတ်ပေးသည့် ကြိုတင်စည်းကမ်းချက်များမပါရှိဘဲ ပြန်လည်ရုပ်သိမ်းနိုင်ခွင့်မရှိသော လုပ်ငန်းအကောင်အထည်ဖော်ရန် တာဝန်ယူသည့် ဘဏ်အာမခံကို လုပ်ငန်း လုပ်ကိုင်ခွင့် ပြုသူထံ ပေးအပ်ရမည်။ ကုမ္ပဏီသည် လုပ်ငန်းစတင်ရန် အကြောင်းကြားစာရပြီး ရက်(၃၀) အတွင်း လုပ်ငန်းစတင်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်းလုပ်ငန်းကိုပြီးစီးအောင် ဆောင်ရွက်ရန်အပါအဝင် စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာရန် အပါအဝင် စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ပါက ဘဏ်အာမခံငွေကို ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ သိမ်းယူရမည်

ကန့်သတ်

ဖြစ်ပါသည်။ ဘဏ်အာမခံငွေကို လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ် ထုတ်ပေးပြီး ရက်ပေါင်း(၃၀)အတွင်း ကုမ္ပဏီသို့ ပြန်လည်ထုတ်ပေးရမည်ဖြစ်သည်။ [စာချုပ်(မူကြမ်း) အပိုဒ်- ၆]

(ဆ) ကုမ္ပဏီသည် လုပ်ငန်းလုပ်ကိုင်ခွင့် ပြုသူ၏ စာဖြင့်ရေးသားထားသော ခွင့်ပြုချက် မရဘဲ လုပ်ငန်းကို လွှဲပြောင်းခြင်း၊ လုပ်ငန်း တစ်စိတ် တစ်ဒေသကို ထပ်ဆင့် ငှားရမ်း ခြင်းမပြုရ။ [စာချုပ် (မူကြမ်း) အပိုဒ်- ၅ ထ]

(ဇ) လုပ်ငန်းစတင်သည့်နေ့သည် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ(ဌာန)မှ လုပ်ငန်းစတင်ရန် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသို့ အကြောင်းကြားသည့်နေ့ဖြစ်သည်။ [စာချုပ် (မူကြမ်း) အပိုဒ်- ၉ -ခ]

(ဈ) လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် ကာလ(၄၅)နှစ် (သို့မဟုတ်) လုပ်ငန်းဆက်လက် လုပ်ကိုင်ရန် နောက်ထပ်တိုးမြှင့်သောကာလများ ပြီးဆုံးပါက အဆိုပါလမ်းနှင့် တံတား များ၊ ဂိတ်များနှင့် အဆောက်အဦများကို ဖောက်လုပ်ပြီးစီးချိန်က ရှိနေသော ကောင်းမွန် သည့် အနေအထားအတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ အဖိုးစားနား တစ်စုံတစ်ရာမရှိဘဲ လွှဲပြောင်း ပေးရမည်ဖြစ်ပါသည်။ [စာချုပ် (မူကြမ်း) အပိုဒ်- ၂၀]

၈။ ယင်းအဆိုပြုလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများသို့ သဘောထား တောင်းခံခဲ့ရာ အောက်ပါအတိုင်းပြန်ကြားလာပါသည်-

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့** **(နောက်ဆက်တွဲ-က)**

(၁) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိ မြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါကြောင်း။

(၂) အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား အရာထမ်း(၃၀)ဦး၊ အမှုထမ်း(၁၂၀)ဦးခန့်အား အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်ထားနိုင်မည်ဖြစ်ပြီး နေ့စားဝန်ထမ်း(၅၀)ခန့်တို့ အလုပ်အကိုင် ရရှိမည်ဖြစ်သောကြောင့် မြို့နယ် ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်ပါကြောင်း။

(၃) အဆိုပြုလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမတည် ငွေကျပ်သန်း(၅၀၀၀)ဖြင့် လုပ်ကိုင် မည်ဖြစ်ပြီး BOTစနစ်ဖြင့် ကနဦးနှစ်(၅၀)နှစ် ၁၀နှစ်+၁၀နှစ် ငှားရမ်းဆောင် ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း။

(၄) လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှု မရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြ ထားပါကြောင်း။

ကန့်သတ်

(ခ) **ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန** **(နောက်ဆက်တွဲ-ခ)**

(၁) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေး နှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီးလုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန် နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာ အကျိုးပြုလုပ်ငန်းများ တာဝန်ယူ ဆောင်ရွက်မှု (Corporate Social Responsibility- CSR) အတွက် နှစ်စဉ်အမြတ်ငွေ၏ (၂%)ကို အသုံးပြုခြင်းတို့ အပါအဝင် ကတိကဝတ်များအား အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၂) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုမရှိစေရေး သို့မဟုတ် ထိခိုက်မှုအနည်းဆုံး ဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်နှင့် အစိုင်အခဲ စီမံခန့်ခွဲမှု အစီ အစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးစေရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်း များအတွက် သုံးစွဲမည့် ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) အား ရေးဆွဲတင်ပြရန် နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(အထက်ပါ သဘောထား မှတ်ချက်နှင့်အညီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) အား Third party ဖြစ်သည့် E Guard Co.,Ltd. မှ စတင် ဆောင်ရွက်နေပြီဖြစ်ကြောင်း ၂၀၁၆ခုနှစ် မတ်လ ၁၃ ရက်နေ့ ရက်စွဲဖြင့် ကုမ္ပဏီမှ တင်ပြထားပါသည်။)

၉။ လုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်(၆နှစ်မြောက်)တွင် ရရှိမည့် ဝင်ငွေနှင့်အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝင်ငွေ	ကျပ်	၁၀၂၀.၅၁ သန်း
(ခ) အသုံးစရိတ်	ကျပ်	၉၀၂.၂၇ သန်း
(ဂ) အသားတင်အမြတ်	ကျပ်	၁၁၈.၂၄ သန်း

၁၀။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (၆)နှစ်မြောက်တွင် နိုင်ငံတော်မှ ရရှိမည့် အကျိုးအမြတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝင်ငွေခွန်	ကျပ်	၃၉.၄၁ သန်း
(ခ) လမ်းဖြတ်သန်းခရငွေ	ကျပ်	၅၁.၀၃ သန်း

ကန့်သတ်

၁၁။ လုပ်ငန်း၏ အရင်းကြေကာလမှာ(၂၉)နှစ် နှင့်(၁၀)လဖြစ်ပြီး အရင်းအနှီးပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ ၃.၅ % ဖြစ်ပါသည်။

၁၂။ ကျပ်ငွေအထောက်အထားအဖြစ် Max Highway Co.,Ltd.အမည်ဖြင့် ဧရာဝတီဘဏ်တွင် (၂၂-၁၀-၂၀၁၅)နေ့စွဲရှိ ငွေလက်ကျန် ကျပ် ၁၂၈၆၂၄၀၈၀၀.၀၀ သန်း ချေးယူထားကြောင်း တင်ပြထားပါသည်။

၁၃။ အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သော လုပ်ငန်းအသစ် ဖြစ်ကြောင်း၊ နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှုမရှိပါကြောင်း၊ လျှပ်စစ်ဓါတ်အား အသုံးပြုမှုနှင့် ပတ်သက်၍ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ဓါတ်အား အလုံအလောက် မရရှိသည့်အခါတွင် ကိုယ်ပိုင် Generator(100 KVA)လုံးတို့ဖြင့် အသုံးပြု မည်ဖြစ်ကြောင်း၊ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် မီးဘေးအန္တရာယ်မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားမည်ဖြစ်ကြောင်း၊ လမ်းမကြီးများဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊ နှစ်စဉ်အသားတင်အမြတ်၏ ၂ % အား Corporate Social Responsibility (CSR) လုပ်ငန်းတွင် အသုံးပြုမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၄။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၀ (က၊ ဂ ၊ စ ၊ ဆ ၊ ဇ၊ ည)အရ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ လျှောက်ထားလာပါက ခွင့်ပြုနိုင်မည်ဖြစ်ပါသည်။

စိစစ်တင်ပြချက်

၁၅။ (က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးထားသော BOT စနစ်ဖြင့် လမ်းပြုပြင် ဖောက်လုပ်၍ လမ်းအသုံးပြုခကောက်ခံခြင်းလုပ်ငန်း (၆၄)ခု ရှိပါသည်။

(ခ) Max Highway Co., Ltd. သည် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏ ၁၁/၂၀၁၀ အရ ခွင့်ပြုခဲ့သည့် စုစုပေါင်း လမ်း၉၆/၆မိုင်အနက် သန်လျင် (ဘုရားကုန်း) သီလဝါဆိပ်ကမ်း ၆/၀မိုင်ကို ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်း၏ ၂-၁၀-၂၀၁၃ ရက်စွဲပါစာအရလည်းကောင်း၊ ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင် လမ်း ၆၃မိုင် ၂ ဖာလုံကို လမ်းဦးစီးဌာန၏ ၂၅-၁၁-၂၀၁၅ ရက်စွဲပါစာအရ လည်းကောင်း စုစုပေါင်းလမ်းမိုင် ၆၉ မိုင် ၂ ဖာလုံကို ပြန်လည် အပ်နှံခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဂ) ယခုအခါ မြေပြင်အမှန် တိုင်းတာချက်များအရ ကျန်ရှိသော စုစုပေါင်းလမ်းမိုင် ၂၇မိုင် ၇ ဖာလုံအား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်၍ လမ်းအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းခွင့်ပြုပါရန်တင်ပြလာခြင်းဖြစ်ပါသည်။

ကန့်သတ်

(ဃ) အဆိုပြုလုပ်ငန်းအတွက် US$ ၄.၅၄ သန်းခန့် တန်ဖိုးရှိ အောက်ပါ စက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းမည်ဖြစ်ပါသည်-

စဥ်	အမျိုးအစား	အရေအတွက်	ဈေးနှုန်း (US$)	တန်ဖိုး(US$)
၁	Bull Dozer(Komatsu)	၃	၁၆၀၀၀၀	၄၈၀၀၀၀
၂	Bull Dozer(Cat)	၁	၁၀၀၀၀၀	၁၀၀၀၀၀
၃	Excavator(Hitachi)	၁	၁၅၀၀၀၀	၁၅၀၀၀၀
၄	Excavator(Small)	၂	၁၀၀၀၀၀	၂၀၀၀၀၀
၅	Front End Loader(Kawasaki)	၁	၁၅၀၀၀၀	၁၅၀၀၀၀
၆	Motar Grader(Mitsubishi)	၁	၁၅၀၀၀၀	၁၅၀၀၀၀
၇	Road Roller(3 Wheel)6-8 Ton	၄	၇၀၀၀၀	၂၈၀၀၀၀
၈	Road Roller(2 Wheel)6-8 Ton	၂	၅၀၀၀၀	၁၀၀၀၀၀
၉	Rubber Tire Roller	၂	၄၅၀၀၀	၉၀၀၀၀
၁၀	Dual Drum	၂	၆၀၀၀၀	၁၂၀၀၀၀
၁၁	Soil Compactor	၁	၁၂၀၀၀၀	၁၂၀၀၀၀
၁၂	Water Bowser	၁	၃၀၀၀၀	၃၀၀၀၀
၁၃	Fuel Bowser	၁	၃၀၀၀၀	၃၀၀၀၀
၁၄	Tipper(6 wheel)4.5 Ton	၂	၂၅၀၀	၅၀၀၀
၁၅	Tipper(10 wheel)4.5 Ton	၄	၆၀၀၀	၂၄၀၀၀
၁၆	Mobile Asphalt Concrete Plant(20t/ hr)	၁	၄၀၀၀၀၀	၄၀၀၀၀၀
၁၇	Asphalt Concrete Power(Road Finisher)	၁	၂၅၀၀၀၀	၂၅၀၀၀၀
၁၈	Concrete Batching & Mixing Plant(60t/hr)	၁	၁၀၀၀၀၀၀	၁၀၀၀၀၀၀
၁၉	Concrete Batching & Mixing Plant(40t/hr)	၁	၈၀၀၀၀၀	၈၀၀၀၀၀
၂၀	Generator 100 KVA	၃	၂၀၀၀၀	၆၀၀၀၀
	စုစုပေါင်း			၄၅၃၉၀၀၀

ဆုံးဖြတ်ရန်အချက်

၁၆။ Max Highway Co., Ltd.မှ ဒဂုံတံတား-သီလဝါ စက်မှုဇုန် လမ်း(၁၃)မိုင်(၅)ဖာလုံ၊ သန်လျင်(ဘုရားကုန်း)-ကျောက်တန်း လမ်း(၈)မိုင်(၂)ဖာလုံနှင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင် လမ်း(၆)မိုင် စုစုပေါင်း(၂၇)မိုင် (၇)ဖာလုံတို့အား BOTစနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တိုးချဲ့တည် ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

ကန့်သတ်

၁၅၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

နောက်ဆက်တွဲ(က

စာအမှတ်၊ ၃ / ၆ - ၃ (၄၃) / စိုက်မွေး
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၉ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

ဌာ-၁၂၇
၈/၃

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀. ၂. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ရက - ၄/ မ-၁၅၃၁/၂၀၁၆(၁၉၃)

၁။ Max Highway Co., Ltd. မှ ဒဂုံတံတား-သီလဝါစက်မှုဇုန်လမ်း (၁၃)မိုင် (၅)ဖာလုံ၊ သန်လျင် (ဘုရားကုန်း)-ကျောက်တန်းလမ်း (၈)မိုင် (၂)ဖာလုံနှင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း (၆)မိုင် စုစုပေါင်း(၂၇)မိုင် (၇)ဖာလုံတို့အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တည်ဆောက်၍ လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံ လာခြင်းနှင့်စပ်လျဉ်း၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက် တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါ။

(ခ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ပါက ပြည်တွင်းလုပ်သားအင်အား အရာထမ်း(၃၀)ဦး၊ အမှုထမ်း (၁၂၀)ဦးခန့်အား အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်ထားနိုင်မည်ဖြစ်ပြီး နေ့စားဝန်ထမ်း (၅၀)ခန့်တို့ အလုပ်အကိုင်ရရှိမည် ဖြစ်သောကြောင့် မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါသည်။

(ဂ) အဆိုပြုလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမတည်ငွေကျပ်သန်း(၅၀၀၀)ဖြင့် လုပ်ကိုင်မည်ဖြစ်ပြီး BOT စနစ်ဖြင့် ကနဦးနှစ်(၅၀)နှင့် ၁၀နှစ်+၁၀နှစ် ၄ားရမ်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါသည်။

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်သည့် မြေနေရာဖြစ်ပြီး အဆိုပြုလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိစေရန် စီမံဆောင်ရွက်မည်ဟု တင်ပြထားပါသည်။

၂။ အထက်ဖော်ပြပါအချက်များကြောင့်(၂၅. ၂. ၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၆)၊ ဆုံးဖြတ်ချက်အပိုဒ်(၅၁)အရ Max Highway Co., Ltd.၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး
ရန်ကုန်တောင်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(သန်လျင်/ကျောက်တန်း)မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
Max Highway Co., Ltd.
လက်ခံစာတွဲ
မျှောစာတွဲ

နောက်ဆက်တွဲ (ခ)

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊၀၀၁/MIC(OSS)/ECD/၀၁(၆၄၇/၁၆)
ရက် စွဲ ၊၂၀၁၆ခုနှစ် မတ် လ ၇ ရက်

M3-481
7/3

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Max Highway Co.,Ltd. မှ ဒဂုံတံတား-သီလဝါစက်မှုဇုန်လမ်း(၁၃)မိုင် (၅)ဖာလုံ၊ သန်လျင်(ဘုရားကုန်း)-ကျောက်တန်းလမ်း(၈)မိုင်(၂)ဖာလုံနှင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း(၆)မိုင်၊ စုစုပေါင်း(၂၇)မိုင်(၇) ဖာလုံတို့အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင် တည်ဆောက်၍လမ်း အသုံးပြုခ ကောက်ခံခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန်တင်ပြလာ ခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၉-၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၄/ မ-၁၅၃၁/ ၂၀၁၆(၁၈၇)

၁။ Max Highway Co.,Ltd. မှ ဒဂုံတံတား-သီလဝါစက်မှုဇုန်လမ်း(၁၃)မိုင် (၅)ဖာလုံ၊ သန်လျင်(ဘုရားကုန်း)-ကျောက်တန်းလမ်း(၈)မိုင်(၂)ဖာလုံနှင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း(၆)မိုင်၊ စုစုပေါင်း(၂၇)မိုင်(၇) ဖာလုံတို့အား BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တည်ဆောက်၍ လမ်းအသုံးပြုခကောက်ခံခြင်းလုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသော အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလတွင် ကနဦး(၄၅)နှစ်နှင့် သက်တမ်းတိုး(၁၀)နှစ်(၁)ကြိမ်ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလမှာ(၃)နှစ်ဖြစ်ကြောင်း လုပ်ငန်းခွင်သာယာရေးနှင့်လုပ်သားများသက်သာချောင်ချိရေးအစီအစဉ်၊ မီးဘေးလုံခြုံရေး စီမံချက်များကိုလည်းထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာသော အသားတင်အမြတ်ငွေ၏(၂%)ကို လူမှုရေးဆိုင်ရာအကျိုးပြုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်မှု (Corporate Social Responsibility-CSR) လုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုသွားမည်

ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ Toll Gate ဝန်ထမ်းအိမ်ယာများမှထွက်ရှိလာသော အမှိုက်များကိုစနစ်တကျစွန့်ပစ်သွားမည်ဖြစ်ကြောင်း၊ လမ်းအချောခင်းရာတွင်အသုံးပြုသည့် ကတ္တရာမှညော်နံများထွက်ရှိမှုနည်းအောင် စနစ်တကျပြုလုပ်သွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။

၃။ Max Highway Co.,Ltd. မှ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် လမ်းအူကြောင်းရှာခြင်း၊ မြေဖြတ်ခြင်း၊ မြေဖို့ခြင်း၊ ကျောက်ခင်းခြင်းအစရှိသော မြေသားလုပ်ငန်း၊ ကျောက်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းကြောင့်ထွက်ရှိလာမည့် အမှုန်အမွှားများ၊ ဖုန်မှုန့်၊ သဲမှုန့်၊ ကျောက်မှုန့်များကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းခြင်း၊ အသုံးပြုစက်ကိရိယာ၊ ယာဉ်ယန္တရားများ၏ဆူညံသံကြောင့် အသံညစ်ညမ်းခြင်း၊ ထွက်ရှိလာမည့် စက်သုံးဆီ၊ အမဲဆီ၊ အင်ဂျင်ဝိုင်အစရှိသော စွန့်ပစ်ဆီ/ အရည်/ အစိုင်အခဲများကြောင့် ပတ်ဝန်းကျင်မြေထုနှင့်ရေထုညစ်ညမ်းခြင်း၊ လမ်းခင်းလုပ်သားများ၏ စွန့်ပစ်အမှိုက်များ၊ မိလ္လာအညစ်အကြေးများကြောင့် ပတ်ဝန်းကျင်မြေထုနှင့်လေထုညစ်ညမ်းခြင်း၊ လမ်းခင်းရာတွင် အသုံးပြုမည့် ကတ္တရာကြိုချက်ခြင်းကြောင့်ထွက်ရှိလာမည့် မီးခိုးများနှင့်ညော်နံ့များကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းခြင်းနှင့် အများပြည်သူများအားအနှောက်အယှက်ဖြစ်စေခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Max Highway Co.,Ltd. မှ လမ်းအဆင့်မြှင့်တင်တည်ဆောက်၍ လမ်းအသုံးပြုခများ ကောက်ခံခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်းသဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြုလွှာတွင်ဖော်ပြထားသည့် လူမှုရေးဆိုင်ရာအကျိုးပြုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်မှု (Corporate Social Responsibility-CSR)အတွက် အသားတင်အမြတ်ငွေ၏ (၂%)ကို အသုံးပြုခြင်းတို့အပါအဝင် ကတိကဝတ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမရှိစေရေး (သို့မဟုတ်)ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်နှင့်အစိုင်အခဲစီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေစသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အားရေးဆွဲတင်ပြရန်နှင့်စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဂ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ဒုတိယဝန်ကြီး(ပတ်ဝန်းကျင်)
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
နေပြည်တော်

စာအမှတ်၊ ၁၅ / ဌာနခွဲ-၃ / ၂၀၁၆ (၈၁၇)
ရက် စွဲ၊ ၂၀၁၆ ခုနှစ် မတ်လ ၂ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက် ရှိသော ဒဂုံတံတား-သီလဝါ စက်မှုဇုန်သို့ ဆက်သွယ်သည့်လမ်း (၁၀/၂) မိုင်၊ ဒဂုံ-သီလဝါလမ်း (၃/၃) မိုင်၊ သန်လျင်-ကျောက်တန်းလမ်း (၈/၂)မိုင်နှင့် ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း (၆/၀) မိုင်၊ စုစုပေါင်း (၂၇/၇) မိုင် အတွက် လုပ်ငန်းလုပ်ကိုင်ခွင့် အဆိုပြုလွှာတင်ပြချက်အပေါ် ကုမ္ပဏီမှ ပြန်လည်တင်ပြရန် အချက်များနှင့် ပတ်သက်၍ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ (၁၈)ရက် နေ့စွဲပါစာအမှတ်၊ ရက-၄/မ-၁၅၃၁/၂၀၁၆ (၂၅၈)

၁။ မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ ဒဂုံတံတား-သီလဝါစက်မှုဇုန်သို့ဆက်သွယ်သည့်လမ်း (၁၀/၂) မိုင်၊ ဒဂုံ-သီလဝါလမ်း (၃/၃) မိုင်၊ သန်လျင်-ကျောက်တန်းလမ်း (၈/၂)မိုင်နှင့် ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင် လမ်း (၆/၀) မိုင်၊ စုစုပေါင်း (၂၇/၇) မိုင်အား B.O.T စနစ်ဖြင့် လုပ်ငန်း လုပ်ကိုင်ခွင့် အဆိုပြုလွှာ တင်ပြချက်နှင့်ပတ်သက်၍ (၈-၂-၂၀၁၆) နေ့တွင် ကျင်းပသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ (၆/၂၀၁၆) အစည်းအဝေး ဆွေးနွေးဆုံးဖြတ်ချက်များအရ ကုမ္ပဏီမှ ပြန်လည်တင်ပြရန် အချက်များအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှတဆင့် ကော်မရှင်သို့ ပြန်လည်တင်ပြရန် ရည်ညွှန်းစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ကော်မရှင်၏ အဆိုပြုချက် စိစစ်ရေးအဖွဲ့မှ ဆွေးနွေးဆုံးဖြတ်ချက်အပေါ် အောက်ဖော်ပြပါအတိုင်း ပြန်လည်တင်ပြအပ်ပါသည်-

(က) ပြည်ပမှ တင်သွင်းမည့် ကုန်ကြမ်းပစ္စည်းစာရင်းအား ပြည်တွင်းဝယ် စာရင်းဖြင့် ပြင်ဆင်တင်ပြရန်နှင့်ပတ်သက်၍ လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ကတ္တရာ၊ ဒီဇယ်ဆီ၊ ဓါတ်ဆီတို့ကို ပြည်ပမှ တင်သွင်းသုံးစွဲမှုအစား ပြည်တွင်း ဝယ်ယူ သုံးစွဲမှုအဖြစ် အဆိုပြုချက်၏ ရင်းနှီးမြှုပ်နှံမှုပမာဏတွင် ကုမ္ပဏီမှ ပြင်ဆင်တင်ပြလာပါသည်။

(ခ) လမ်းအသုံးပြုခကောက်ခံမည့် ဂိတ်စာရင်းနှင့် ပေ ၁၈၀ အထက် တံတား စာရင်း တင်ပြရန်နှင့် ပတ်သက်၍ လမ်းအသုံးပြုခကောက်ခံ မည့် အဆိုပြုဂိတ်စာရင်း၊ တည်နေရာပြမြေပုံနှင့် ပေ (၁၈၀) အထက် တံတားမှာ ဒဂုံတံတားမှ သီလဝါ စက်မှုဇုန်သို့ဆက်သွယ်သည့်လမ်းပေါ်ရှိဆောက်လုပ်ရေးဝန်ကြီးဌာနမှ တည်ဆောက်သော ၁၉၅ ပေရှည်၊ တံတား အမှတ် (၁/၂)၊ ဘော့ချောင်းတံတား၊ သံဂျူပွန်ကရစ် အမျိုးအစား (၁) စင်းရှိကြောင်း တင်ပြအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဖက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက် ရှိသော ဒဂုံတံတား-သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့်လမ်း (၁၀/၂) မိုင် ဒဂုံ-သီလဝါလမ်း (၃/၃) မိုင်၊ သန်လျင်-ကျောက်တန်းလမ်း (၈/၂)မိုင်နှင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း (၆/၀) မိုင်၊ စုစုပေါင်း (၂၇/၇) မိုင်၏ အဆိုပြုလွှာနှင့် ပတ်သက်၍ ကုမ္ပဏီမှ ပြန်လည်ပြင်ဆင် တင်ပြလာသော ရင်းနှီးမြှုပ်နှံမှု တွက်ချက်မှုအဆိုပြုလွှာနှင့်အတူ ပူးတွဲပေးပို့တင်ပြအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
စိုးတင့်၊ ဒုတိယဝန်ကြီး

မိတ္တူကို
- ညွှန်ကြားရေးမှူးချုပ်၊ လမ်းဦးစီးဌာန ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

နေပြည်တော်

စာအမှတ်၊ ၁၅ / ဌာနခွဲ-၃ / ၂၀၁၆(ကုမ္ပဏီ) (စီ ၃၃၅)

ရက် စွဲ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း (၆) မိုင်၊ သန်လျင်-ကျောက်တန်းလမ်း (၈) မိုင် (၂)ဖာလုံ၊ ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့်လမ်း (၁၀) မိုင် (၂)ဖာလုံ၊ဒဂုံ - သီလဝါလမ်း (၃) မိုင် (၃) ဖာလုံတို့အတွက် လုပ်ငန်းလုပ်ကိုင်ခွင့် အဆိုပြုလွှာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ၏ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ (၁၄) ရက် နေ့စွဲပါ စာအမှတ်၊ ၂ (၅) ၄ - ၄ / နပတ (၃၉)

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဲခူး - သနပ္ပင် - ခရမ်း - သုံးခွ - သန်လျင်လမ်း (၆) မိုင်၊ သန်လျင် - ကျောက်တန်းလမ်း (၈) မိုင် (၂)ဖာလုံ၊ ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့် လမ်း (၁၀) မိုင် (၂) ဖာလုံ၊ ဒဂုံ - သီလဝါလမ်း (၃) မိုင် (၃) ဖာလုံတို့အား မက်(စ်)ဟိုင်းဝေး ကုမ္ပဏီ လီမိတက်သို့ B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လမ်းပိုင်းများ၏ အဆိုပြုလွှာအား ကုမ္ပဏီမှတင်ပြလာခြင်းအပေါ် လမ်းဦးစီးဌာနမှစိစစ်၍ ပဋိညာဉ်စာချုပ်ပါ အချက်များအား ပြည်ထောင်စု ရှေ့နေ ချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အတူ ပြင်ဆင်ပြုစုပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက် ရှိသော ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း (၆) မိုင်၊ သန်လျင်-ကျောက်တန်းလမ်း (၈) မိုင် (၂)ဖာလုံ၊ ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့်လမ်း (၁၀) မိုင် (၂) ဖာလုံ၊ ဒဂုံ-သီလဝါလမ်း (၃) မိုင်(၃)ဖာလုံတို့၏ အဆိုပြုလွှာအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးသို့ဆက်လက် တင်ပြနိုင်ရေးအတွက် ကုမ္ပဏီမှတင်ပြလာသည့် အဆိုပြုလွှာ (၁)စုံ ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပြန်ကြားလာသည့် စာမိတ္တူ (၁)စုံတို့နှင့်အတူ ပူးတွဲပေးပို့အပ်ပါသည်။

၂၅/၁/၁၆

ကျော်လွင်

ပြည်ထောင်စုဝန်ကြီး

မိတ္တူကို

- ညွှန်ကြားရေးမှူးချုပ်၊ လမ်းဦးစီးဌာန ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ရုံးအမှတ် (၁၁)၊ နေပြည်တော်

ဖုန်း - ၀၆၇ - ၃၈၀၀၇၂၊ ဖက်(စ်) - ၀၆၇ - ၄၀၇၀၇၇

အီးမေးလ် - PW Const @ mpt mail-net.mm

စာအမှတ် - လစမ/B.O.T/ကြိုတင်/၂၀၁၀-၂၀၁၁/၃၆၇

ရက်စွဲ - ၂၀၁၀ ခုနှစ်၊ ဇွန်လ (၁၇) ရက်

အကြောင်းအရာ။ B.O.T. စနစ်ဖြင့် လမ်း၊ တံတားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် လုပ်ငန်းကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးခြင်း။

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် မက်(စ်)မြန်မာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် အား ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း (၆၉/၂) မိုင်၊ သန်လျင် (ဘုရားကုန်း) မှ ဒဂုံတံတားမှသီလဝါစက်မှုဇုံသို့ဆက်သွယ်သည့်လမ်း (၁၃/၂) မိုင်၊ သန်လျင် (ဘုရားကုန်း) မှ သီလဝါဆိပ်ကမ်းလမ်း (၆/၀) မိုင်၊ စုစုပေါင်း ကျောက်တန်းလမ်း (၈/၂) မိုင်၊ သန်လျင် (ဘုရားကုန်း) မှ သီလဝါဆိပ်ကမ်းလမ်း (၆/၀) မိုင်၊ စုစုပေါင်း (၉၆/၆) မိုင် ကို B.O.T. စနစ်ဖြင့် စတင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် (၃၀ - ၄ - ၂၀၁၀) နေ့တွင် ကျင်းပပြုလုပ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၀) မှ သတ်မှတ်ပေးသည့် လုပ်ငန်းကြိုတင် ဆောင်ရွက်ခွင့် မူဝါဒ (၁) ချက်နှင့် ပြည့်စုံ၍ သဘောတူ လက်မှတ်ရေးထိုးပြီးဖြစ်သည့်အတွက် လုပ်ငန်းကို ကြိုတင် ဆောင်ရွက်ရန် ခွင့်ပြုလိုက်သည်။

၂။ အထက်ဖော်ပြပါ ကုမ္ပဏီသည် ကြိုတင်ခွင့်ပြုမိန့် ရရှိပြီး (၇) ရက်အတွင်း လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်၍ လမ်း၊ တံတား အသုံးပြုခကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ သတ်မှတ် နှုန်းထားအတိုင်း ကောက်ခံရန်၊ (၂) ပတ် အတွင်း ကုမ္ပဏီဆိုင်းဘုတ်တပ်ဆင်ရန်နှင့် (၁) လအတွင်း B.O.T. အဆိုပြုလွှာ အပြည့်အစုံနှင့် တင်ပြ၍ လျှောက်ထားရမည်။

၁၇.၆.၂၀၁၀

(ကျော်လင်း)

ဦးဆောင်ညွှန်ကြားရေးမှူး

မက်(စ်)မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

B.O.T (K) Letter Head

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

လမ်းဦးစီး

စာအမှတ်၊ လစမ/ဘီအိုတီ/မက်စ်မြန်မာ/၂၀၁၃-၁၄/၇၈၁

ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်

အကြောင်းအရာ။ B.O.T နှုန်းထားဖြင့် ကောက်ခံခွင့်ရရှိပြီးဖြစ်သော လမ်းပိုင်းအား ပြန်လည်အပ်နှံခွင့်ပြုခြင်း

ရည်ညွှန်းချက်။ မန်နေးဂျင်းဒါရိုက်တာ၊ မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ (၁၇.၉.၂၀၁၃) နေ့စွဲပါစာအမှတ် - မမမ / Toll / လမ်းအသုံးပြုခ / ၂၀၁၃ (၁၀၁၅)

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ B.O.T. စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော သန်လျင်-သီလဝါဆိပ်ကမ်းလမ်း (၆/၀) မိုင်အား (၂၃.၅.၂၀၁၃) ရက်နေ့တွင် B.O.T နှုန်းဖြင့် လမ်းအသုံးပြုခ ကောက်ခံခွင့်ရရှိပြီး သီးခြားဂိတ်ဖွင့်လှစ်၍ လမ်းအသုံးပြုခကောက်ခံရန် အုပ်ချုပ်မှုအရ ကုမ္ပဏီအနေဖြင့် အခက်အခဲရှိပါသဖြင့် လုပ်ငန်းအပ်နှံခွင့်ပြုပါရန် ရည်ညွှန်းစာဖြင့် တင်ပြလာခြင်းအပေါ် ပြည်ထောင်စုဝန်ကြီးမှ ပြန်လည် လက်ခံထိန်းသိမ်းရန် လမ်းညွှန်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ လမ်းညွှန်ချက်အရ မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော သန်လျင်-သီလဝါဆိပ်ကမ်းလမ်း (၆/၀) မိုင်အား လုပ်ငန်း ပြန်လည် ခွင့်ပြုကြောင်းနှင့် လွှဲပြောင်း လက်ခံသည့် မှတ်တမ်းအား ပြန်လည်တင်ပြသွားရန် အကြောင်းကြားပါသည်။

2/10/13

(ဝင်းဖေ)

ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး

အင်ဂျင်နီယာမှူးကြီး

ရန်ကုန်တိုင်းဒေသကြီး

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

မန်နေးဂျင်းဒါရိုက်တာ

မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
လမ်းဦးစီးဌာန
(စီမံရေး)

စာအမှတ်၊ ပုဂ္ဂလိက/ဘီအိုတီ/မက်စ်မြန်မာ/၂၀၁၅-၂၀၁၆/၃၉
ရက် စွဲ ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်

အကြောင်းအရာ။ ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း၏ (မိုင်တိုင် ၆၃/၂-၆၉/၂ ထိ ၆ မိုင်) အား B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း (မိုင်တိုင် ၀/၀-၆၉/၂ ထိ ၆၉ မိုင် ၂ ဖာလုံ) အား (၃၀.၄.၂၀၁၀) နေ့တွင် B.O.T စနစ်ဖြင့် စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး (၁၁.၂.၂၀၁၃) ရက်နေ့တွင် လုပ်ငန်း ဆောင်ရွက်ရန် အခက်အခဲ ရှိသဖြင့် မိုင်တိုင် ၀/၀-၆၃/၂ ထိ (၆၃) မိုင် (၂) ဖာလုံ အား ပြန်လည်အပ်နှံခဲ့ခြင်းအပေါ် ပြည်ထောင်စုဝန်ကြီးမှ လုပ်ငန်းပြန်လည် လက်ခံရန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရန်ပုံငွေတောင်းခံ၍ ပြင်ဆင်ထိန်းသိမ်းသွားရန် လမ်းညွှန်မှုပြုခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကုမ္ပဏီအနေဖြင့် ကျန်ရှိသော ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း မိုင် ၆၃/၂-၆၉/၂ ထိ (၆) မိုင်အား B.O.T စနစ်ဖြင့် ဆက်လက် လုပ်ကိုင်ဆောင်ရွက်၍ လမ်းတိုးတက်ပြုပြင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန် အကြောင်းကြား ပါသည်။

၂၅.၁၁.၁၅
(ဝင်းဖေ)
ညွှန်ကြားရေးမှူးချုပ်

မန်နေဂျင်းဒါရိုက်တာ
မက်စ်မြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

မိတ္တူကို- ဝန်ကြီးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
- ညွှန်ကြားရေးမှူးချုပ် (ရုံး)၊ လမ်းဦးစီးဌာန
- ဒု-ညွှန်ကြားရေးမှူးချုပ် (စီမံရေး/တည်ဆောက်ရေး/လမ်းထိန်းသိမ်းရေး)၊ လမ်းဦးစီးဌာန
- အင်ဂျင်နီယာချုပ် (စီမံရေး/တည်ဆောက်ရေး/လမ်းထိန်းသိမ်းရေး)၊ လမ်းဦးစီးဌာန
- အင်ဂျင်နီယာချုပ် (စာရင်းပြု)၊ လမ်းအခွန်ထိန်းသိမ်းရေးဌာနခွဲ၊ လမ်းဦးစီးဌာန
- ညွှန်ကြားရေးမှူး (မြို့ပြ)၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန
- ရုံးလက်ခံ
- မျှောစာတွဲ

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက်

မက်(စ်) ဟိုင်းဝေး ကုမ္ပဏီလီမိတက်

MAX HIGHWAY COMPANY LIMITED

မှ

ဒဂုံတံတား–သီလဝါစက်မှုဇုန်လမ်း (၁၃)မိုင်(၅)ဖာလုံ၊

သန်လျင်(ဘုရားကုန်း)– ကျောက်တန်းလမ်း (၈)မိုင်(၂)ဖာလုံနှင့်

ပဲခူး–သနပ်ပင်–ခရမ်း–သုံးခွ–သန်လျင်လမ်း (၆)မိုင် (ပေါင်း (၁၄)မိုင်(၂)ဖာလုံ)၊

စုစုပေါင်း (၂၇)မိုင် (၇)ဖာလုံတို့အား အဆင့်မြှင့်တင် တိုးချဲ့ တည်ဆောက်၍

လမ်းအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း

ကို

Build Operate and Transfer (BOT) စနစ်ဖြင့်

ဆောင်ရွက်ရန်

အဆိုပြုတင်ပြချက်

MAX HIGHWAY CO., LTD.
No.528, Yar Kyaw Street, Insein New Township, Yangon Myanmar.
Tel : 951-640200, 640402, 643736 Fax : 951-647887
Email : info@maxmyanmargroup.com
Website : www.maxmyanmargroup.cpm

သို့

ဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန
အဆောက်အဦအမှတ်(၁၁)၊နေပြည်တော်

ရက်စွဲ ၊ ၂၀၁၅ ခုနှစ် ၊ ဒီဇင်ဘာလ(၃၁)ရက်

အကြောင်းအရာ ။ ဒဂုံတံတား–သီလာဝါစက်မှုဇုန်လမ်း(၁၃)မိုင်(၅)ဖာလုံ ၊ သန်လျင်(ဘုရားကုန်း)–ကျောက်တန်းလမ်း(၈)မိုင်(၂)ဖာလုံနှင့် ပဲခူး–သနပ်ပင်–ခရမ်း–သုံးခွ–သန်လျင်လမ်း(၆)မိုင်(ပေါင်း (၁၄)မိုင်(၂)ဖာလုံ)၊ စုစုပေါင်း(၂၇)မိုင်(၇)ဖာလုံတို့ကို **BOT** စနစ်ဖြင့် ပြုပြင်ဖောက်လုပ်ဆောင်ရွက်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရေးအတွက် အဆိုပြုလွှာတင်ပြခြင်း။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လမ်းညွှန်ချက်နှင့်အညီ "မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်" **Max Highway Company Limited.** သည် လမ်းမကြီးများဥပဒေနှင့်အညီ ဒဂုံတံတား သီလဝါစက်မှုဇုန်လမ်း(၁၃)မိုင်(၅)ဖာလုံ ၊ သန်လျင်(ဘုရားကုန်း)–ကျောက်တန်းလမ်း(၈)မိုင်(၂)ဖာလုံနှင့် ပဲခူး–သနပ်ပင်–ခရမ်း–သုံးခွ–သန်လျင်လမ်း(၆) မိုင် (ပေါင်း (၁၄) မိုင် (၂) ဖာလုံ) စုစုပေါင်း(၂၇)မိုင်(၇)ဖာလုံတို့ကို BOT စနစ်ဖြင့် အဆင့်မြှင့်တင် ဖောက်လုပ်လုပ်ကိုင်ခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်ကို တင်ပြအပ်ပါသည်။

၂။ အဆိုပြု လုပ်ငန်းစီမံကိန်း၏ ရင်းနှီးမြှုပ်နှံငွေစုစုပေါင်းမှာ ကျပ်(၂၁၉၁၆.၉၁၂)သန်း ရင်းနှီးမြှုပ်နှံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ စီမံကိန်းလမ်းမကြီးအပိုင်းတွင် အောက်ဖော်ပြပါ လမ်းအသုံးပြုခ ကောက်ခံဂိတ်စခန်း(Toll Gate) နှင့် လမ်းဂိတ်များဖွင့်လှစ်၍ ကောက်ခံမည်ဖြစ်ပါသည်။

၄။ အဆိုပြုပါ လမ်းလုပ်ငန်းစီမံကိန်းကို အောက်ဖော်ပြပါ လမ်းအသုံးပြုခ ကောက်ခံမှုနှုန်းထားဖြင့် ကောက်ခံခွင့်ပြုပါရန် အဆိုပြုတင်ပြအပ်ပါသည်။

အမှတ်စဉ်	ယဉ်အမျိုးအစား	လမ်းအသုံးပြုခ (တစ်မိုင်နှုန်း)
(၁)	သုံးဘီး ဆိုင်ကယ်	ကျပ် ၅
(၂)	ထော်လာဂျီ (ဒိန်ခေါင်း)၊ ဆလွန်း၊ ဗင်၊ (၂)တန်အောက်	ကျပ် ၅
(၃)	Farm Truck (၂လုံးထိုး)၊ Double Cab၊ Pajero၊ Parado၊ Micro Bus၊ Super Custom ခရီးသည်ယာဉ်(လတ်)	ကျပ် ၁၅
(၄)	ဟိုင်းလတ်၊ လိုက်ထရပ် (သေး)	ကျပ် ၂၀
(၅)	ဒိုင်နာ၊ ကင်တာ(လတ်)၊ လိုက်ထရပ်(လတ်) (၄)ဘီး	ကျပ် ၂၀
(၆)	Farm Truck (၄ လုံးထိုး)	ကျပ် ၃၀
(၇)	ဒိုင်နာ၊ ကင်တာ(ကြီး)၊ (ကိုယ်ထည်အလျား=၁၅ပေအောက်) (၆)ဘီးကား၊ Mini Bus ခရီးသည် (၂၄)ဦး၊ ဟီးနိုး (သေး) (၂၅)ဦး	ကျပ် ၃၀
(၈)	ဒိုင်နာ၊ ကင်တာ(ကြီး)၊ (ကိုယ်ထည်အလျား =၁၅ပေ အထက်) (၆)ဘီး	ကျပ် ၇၅
(၉)	BM ခရီးသည်တင်ယာဉ်(လတ်)၊ ခရီးသည် (၂၆မှ ၃၅)ဦးထိ	ကျပ် ၃၀
(၁၀)	ဟီးနိုး၊ ကာကို၊ နီဆန်း၊ ကွန်တို (၆)ဘီးကား (ကုန်တင်ယာဉ်)	ကျပ် ၁၀၀
(၁၁)	TE 11၊ TE 21၊ GMO၊ Fuso၊ UD ကောင်တာ (၆)ဘီးကား(ကုန်တင်ယာဉ်)	ကျပ် ၁၀၀
(၁၂)	ဟီးနိုး/ဟွန်ဒိုင်း/ဒေဝူး ခရီးသည်တင်ယာဉ် (ကြီး) (ခရီးသည် ၃၆မှ ၄၅ဦးထိ)	ကျပ် ၅၀
(၁၃)	ခရီးသည်တင်မှန်လုံယာဉ်ကြီး (ခရီးသည် ၄၆ဦးနှင့်အထက်)	ကျပ် ၅၅
(၁၄)	(၆)ဘီးကား၊ ဝင်ရိုး (၂)ခုပါ၊ ကုန်တင်ယာဉ်ကြီး	ကျပ် ၁၀၀
(၁၅)	(၈)ဘီးကား၊ ဝင်ရိုး (၃)ခုပါ၊ ကုန်တင်ယာဉ်ကြီး	ကျပ် ၁၁၅
(၁၆)	(၁၀)ဘီးကား၊ ဝင်ရိုး (၃)ခုပါ၊ ကုန်တင်ယာဉ်ကြီး	ကျပ် ၁၂၅
(၁၇)	(၁၂)ဘီးကား၊ ဝင်ရိုး (၄)ခုပါ၊ ကုန်တင်ယာဉ်ကြီး	ကျပ် ၁၅၀
(၁၈)	(၁၄)ဘီးကား၊ ဝင်ရိုး (၅)ခု (Lift Axle) ပါ၊ ကုန်တင်ယာဉ်ကြီး (ဘီးအားလုံးလမ်းပေါ် ချ၍ မောင်းနှင်ရမည်။)	ကျပ် ၁၇၅
Service to be Rendered

Year	Average Toll Fees Per Car (Kyat)	Income in Kyats (365) Running Days)		
		No of Car/ Day	Income on Car/ Day	Income/ Year Kyat (000)
1	1229	927	1,139,283	415,838
2	1229	983	1,208,107	440,959
3	1229	1042	1,280,618	467,426
4	1229	1105	1,358,045	495,686
5	1229	1171	1,439,159	525,293
6	1229	1241	1,525,189	556,694
7	1229	1315	1,616,135	589,889
8	1229	1394	1,713,226	625,327
9	1229	1478	1,816,462	663,009
10	1229	1567	1,925,843	702,933
11	1229	1661	2,041,369	745,100
2	1229	1761	2,164,269	789,958
13	1229	1867	2,294,543	837,508
14	1229	1979	2,432,191	887,750
15	1229	2098	2,578,442	941,131
16	1229	2224	2,733,296	997,653
17	1229	2357	2,896,753	1,057,315
18	1229	2498	3,070,042	1,120,565
19	1229	2648	3,254,392	1,187,853
20	1229	2807	3,449,803	1,259,178
21	1229	2975	3,656,275	1,334,540
22	1229	3154	3,876,266	1,414,837
23	1229	3343	4,108,547	1,499,620
24	1229	3544	4,355,576	1,589,785
25	1229	3757	4,617,353	1,685,334
26	1229	3982	4,893,878	1,786,265
27	1229	4221	5,187,609	1,893,477
28	1229	4474	5,498,546	2,006,969
9	1229	4742	5,827,918	2,127,190
30	1229	5027	6,178,183	2,255,037
31	1229	5329	6,549,341	2,390,509
32	1229	5649	6,942,621	2,534,057
33	1229	5988	7,359,252	2,686,127
34	1229	6347	7,800,463	2,847,169
35	1229	6728	8,268,712	3,018,080
36	1229	7132	8,765,228	3,199,308
37	1229	7560	9,291,240	3,391,303
38	1229	8014	9,849,206	3,594,960
39	1229	8495	10,440,355	3,810,730
40	1229	9005	11,067,145	4,039,508
41	1229	9545	11,730,805	4,281,744
42	1229	10118	12,435,022	4,538,783
43	1229	10725	13,181,025	4,811,074
44	1229	11369	13,972,501	5,099,963
45	1229	12051	14,810,679	5,405,898
			242,600,913	88,549,332

နောက်ဆက်တွဲ (၆)

Sheet (2)

MAX HIGHWAY COMPANY LIMITED

သန်လျင်(ဘုရားကုန်း)-ကျောက်တန်းလမ်း (၈)မိုင် (၂)ဖာလုံနှင့်

ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း (၆)မိုင် ပေါင်း (၁၄. ၂၅၀)မိုင်

Service to be Rendered

Year	Average Toll Fees Per Car (Kyat)	Income in Kyats (365) Running Days)		
		No of Car/ Day	Income on Car/ Day	Income/ Year Kyat (000)
1	212	4479	949,548	346,585
2	212	4748	1,006,576	367,400
3	212	5033	1,066,996	389,454
4	212	5335	1,131,020	412,822
5	212	5655	1,198,860	437,584
6	212	5994	1,270,728	463,816
7	212	6354	1,347,048	491,673
8	212	6735	1,427,820	521,154
9	212	7139	1,513,468	552,416
10	212	7567	1,604,204	585,534
11	212	8021	1,700,452	620,665
12	212	8502	1,802,424	657,885
13	212	9012	1,910,544	697,349
14	212	9553	2,025,236	739,211
15	212	10126	2,146,712	783,550
16	212	10734	2,275,608	830,597
17	212	11378	2,412,136	880,430
18	212	12061	2,556,932	933,280
19	212	12785	2,710,420	989,303
20	212	13552	2,873,024	1,048,654
21	212	14365	3,045,380	1,111,564
22	212	15227	3,228,124	1,178,265
23	212	16141	3,421,892	1,248,991
24	212	17109	3,627,108	1,323,894
25	212	18136	3,844,832	1,403,364
26	212	19224	4,075,488	1,487,553
27	212	20377	4,319,924	1,576,772
28	212	21600	4,579,200	1,671,408
29	212	22896	4,853,952	1,771,692
30	212	24270	5,145,240	1,878,013
31	212	25726	5,453,912	1,990,678
32	212	27270	5,781,240	2,110,153
33	212	28906	6,128,072	2,236,746
34	212	30640	6,495,680	2,370,923
35	212	32478	6,885,336	2,513,148
36	212	34427	7,298,524	2,663,961
37	212	36493	7,736,516	2,823,828
38	212	38683	8,200,796	2,993,291
39	212	41004	8,692,848	3,172,890
40	212	43464	9,214,368	3,363,244
41	212	46072	9,767,264	3,565,051
42	212	48836	10,353,232	3,778,930
43	212	51766	10,974,392	4,005,653
44	212	54872	11,632,864	4,245,995
45	212	58164	12,330,768	4,500,730
			202,016,708	73,736,099

နောက်ဆက်တွဲ (၇)
Sheet (1)

MAX HIGHWAY COMPANY LIMITED

Projected Profit and Loss Account

(Kyat in Thousands)

PARTICULARS	1 Local Kyats	2 Local Kyats	3 Local Kyats	4 Local Kyats	5 Local Kyats	6 Local Kyats	7 Local Kyats	8 Local Kyats	9 Local Kyats	10 Local Kyats
INCOME										
Dagon Bridge-Thilawa Industiral Zone	415,838	440,959	467,426	495,686	525,293	556,694	589,889	625,327	663,009	702,933
Thanlyin(Phayar Gone)-Kyauktan Road and Bago-Thanapin-Khayan-Thonegwa-Thanlyin Road	346,585	367,400	389,454	412,822	437,584	463,816	491,673	521,154	552,416	585,534
Total Income	**762,423**	**808,359**	**856,880**	**908,508**	**962,877**	**1,020,510**	**1,081,562**	**1,146,481**	**1,215,425**	**1,288,467**
Cost										
Road Maintenance	150,000	150,000	150,000	160,500	160,500	160,500	171,735	171,735	171,735	171,735
Labour	399,600	399,600	399,600	419,580	419,580	419,580	440,561	440,561	440,561	440,561
Operation Cost	50,000	50,000	50,000	53,500	53,500	53,500	57,245	57,245	57,245	57,245
Contribution to State						51,026	54,078	57,324	60,771	64,423
Electricity	25,000	25,000	25,000	26,750	26,750	26,750	28,623	28,623	28,623	28,623
	20,000	20,000	20,000	21,400	21,400	21,400	22,898	22,898	22,898	22,898
Administration Cost	80,000	80,000	80,000	85,600	85,600	85,600	91,592	91,592	91,592	91,592
Depreciation	44,504	44,504	44,504	44,504	44,504	44,504	44,504	44,504	44,504	44,504
Total Cost	**769,104**	**769,104**	**769,104**	**811,834**	**811,834**	**862,860**	**911,236**	**914,482**	**917,929**	**921,581**
Gross Profit	**(6,681)**	**39,255**	**87,776**	**96,674**	**151,043**	**157,650**	**170,326**	**231,999**	**297,496**	**366,886**
Commercial Tax										
Net Profit	**(6,681)**	**39,255**	**87,776**	**96,674**	**151,043**	**157,650**	**170,326**	**231,999**	**297,496**	**366,886**
Corporate Tax						**39,413**	**42,582**	**58,000**	**74,374**	**91,722**
Profit After Tax	**(6,681)**	**39,255**	**87,776**	**96,674**	**151,043**	**118,237**	**127,744**	**173,999**	**223,122**	**275,164**
CSR (2%)		**785**	**1,756**	**1,933**	**3,021**	**2,365**	**2,555**	**3,480**	**4,462**	**5,503**

Note:

Contribution to State is 5% of Total Income from Year 6 to Year 15, 10% from Year 16 to 25, 15% from Year 26 to 35, 20% from year 36 to 45
Corporate Tax = 25% from year 6 to year 45
CSR = Corporate Social Responsibility

Depreciation (Kyat In Thousands)

Machinery & Equipments (5446800*6.25%)	**= 340425**
Building(636472*5%)	**= 31824**
Furniture & Equipment (728000*10%)	**= 72800**
	= 445049

နောက်ဆက်တွဲ (၃)

Sheet (3)

MAX HIGHWAY COMPANY LIMITED

Projected Profit and Loss Account

(Kyat in Thousands)

PARTICULARS	21 Local Kyats	22 Local Kyats	23 Local Kyats	24 Local Kyats	25 Local Kyats	26 Local Kyats	27 Local Kyats	28 Local Kyats	29 Local Kyats	30 Local Kyats
INCOME										
Dagon Bridge-Thilawa Industiral Zone	1,334,540	1,414,837	1,499,620	1,589,785	1,685,334	1,786,265	1,893,477	2,006,969	2,127,190	2,255,037
Thanlyin(Phayar Gone)-Kyauktan Road and Bego-Thonapin-Khayan-Thonegwa-Thanlyin Road	1,111,564	1,178,265	1,248,991	1,323,894	1,403,364	1,487,553	1,576,772	1,671,408	1,771,692	1,878,013
Total Income	2,446,104	2,593,102	2,748,611	2,913,679	3,088,698	3,273,818	3,470,249	3,678,377	3,898,882	4,133,050
Cost										
Road Maintenance	196,619	196,619	196,619	196,619	196,619	196,619	196,619	196,619	196,619	196,619
Labour	510,008	510,008	510,008	510,008	510,008	535,510	535,510	535,510	535,510	535,510
Operation Cost	65,540	65,540	65,540	65,540	65,540	65,540	65,540	65,540	65,540	65,540
Contribution to State	244,610	259,310	274,861	291,368	308,870	491,073	520,537	551,757	584,832	619,958
Electricity & Others	32,771	32,771	32,771	32,771	32,771	32,771	32,771	32,771	32,771	32,771
Fuel Cost	26,216	26,216	26,216	26,216	26,216	26,216	26,216	26,216	26,216	26,216
Administration Cost	104,863	104,863	104,863	104,863	104,863	104,863	104,863	104,863	104,863	104,863
Depreciation	-	-	-	-	-	-	-	-	-	-
Total Cost	1,180,627	1,195,327	1,210,878	1,227,385	1,244,887	1,452,592	1,482,056	1,513,276	1,546,351	1,581,477
Gross Profit	1,265,477	1,397,775	1,537,733	1,686,294	1,843,811	1,821,226	1,988,193	2,165,101	2,352,531	2,551,573
Commercial Tax										
Net Profit	1,265,477	1,397,775	1,537,733	1,686,294	1,843,811	1,821,226	1,988,193	2,165,101	2,352,531	2,551,573
Corporate Tax	316,369	349,444	384,433	421,574	460,953	455,307	497,048	541,275	588,133	637,893
Profit After Tax	949,108	1,048,331	1,153,300	1,264,720	1,382,858	1,365,919	1,491,145	1,623,826	1,764,398	1,913,680
CSR (2%)	18,982	20,967	23,066	25,294	27,657	27,318	29,823	32,477	35,288	38,274

နောက်ဆက်တွဲ (၇)
Sheet (4)

MAX HIGHWAY COMPANY LIMITED

Projected Profit and Loss Account

(Kyat in Thousands)

PARTICULARS	31 Local Kyats	32 Local Kyats	33 Local Kyats	34 Local Kyats	35 Local Kyats	36 Local Kyats	37 Local Kyats	38 Local Kyats	39 Local Kyats	40 Local Kyats
INCOME										
Dagon Bridge-Thilawe Industiral Zone	2,390,509	2,534,057	2,686,127	2,847,169	3,018,080	3,199,308	3,391,303	3,594,960	3,810,730	4,039,508
Thanlyin(Phayar Gone)-Kyauktan Road and Bago-Thanapin-Khayan-Thonegwa-Thanlyin Road	1,990,678	2,110,153	2,236,746	2,370,923	2,513,148	2,663,961	2,823,828	2,993,291	3,172,890	3,363,244
Total Income	4,381,187	4,644,210	4,922,873	5,218,092	5,531,228	5,863,269	6,215,131	6,588,251	6,983,620	7,402,752
Cost										
Road Maintenance	210,382	210,382	210,382	210,382	210,382	210,382	210,382	210,382	210,382	210,382
Labour	562,286	562,286	562,286	562,286	562,286	590,402	590,402	590,402	590,402	590,402
Operation Cost	70,128	70,128	70,128	70,128	70,128	70,128	70,128	70,128	70,128	70,128
Contribution to State	657,178	696,632	738,431	782,714	829,684	1,172,654	1,243,026	1,317,650	1,396,724	1,480,550
Electricity & Others	35,065	35,065	35,065	35,065	35,065	35,065	35,065	35,065	35,065	35,065
Fuel Cost	28,051	28,051	28,051	28,051	28,051	28,051	28,051	28,051	28,051	28,051
Administration Cost	112,203	112,203	112,203	112,203	112,203	112,203	112,203	112,203	112,203	112,203
Depreciation	-	-	-	-	-	-	-	-	-	-
Total Cost	1,675,293	1,714,747	1,756,546	1,800,829	1,847,799	2,218,885	2,289,257	2,363,881	2,442,955	2,526,781
Gross Profit	2,705,894	2,929,463	3,166,327	3,417,263	3,683,429	3,644,384	3,925,874	4,224,370	4,540,665	4,875,971
Commercial Tax										
Net Profit	2,705,894	2,929,463	3,166,327	3,417,263	3,683,429	3,644,384	3,925,874	4,224,370	4,540,665	4,875,971
Corporate Tax	676,474	732,366	791,582	854,316	920,857	911,096	981,469	1,056,093	1,135,166	1,218,993
Profit After Tax	2,029,420	2,197,097	2,374,745	2,562,947	2,762,572	2,733,288	2,944,405	3,168,277	3,405,499	3,656,978
CSR (2%)	40,588	43,942	47,495	51,259	55,251	54,666	58,888	63,366	68,110	73,140

နောက်ဆက်တွဲ (၇)

Sheet (5)

MAX HIGHWAY COMPANY LIMITED

Projected Profit and Loss Account

(Kyat In Thousands)

PARTICULARS	41	42	43	44	45
	Local Kyats	Local Kyats	Local Kyats	Local Kyats	Local Kyats
INCOME					
Dagon Bridge-Thilawa industiral Zone	4,281,744	4,538,783	4,811,074	5,099,963	5,405,898
Thanlyin(Phayar Gone)-Kyauktan Road and Bago-Thanapin-Khayan-Thonegwa-Thanlyin Road	3,565,051	3,778,930	4,005,653	4,245,995	4,500,730
Total Income	7,846,795	8,317,713	8,816,727	9,345,958	9,906,628
Cost					
Road Maintenance	210,382	210,382	210,382	210,382	210,382
Labour	590,402	590,402	590,402	590,402	590,402
Operation Cost	70,128	70,128	70,128	70,128	70,128
Contribution to State	1,569,359	1,663,543	1,763,345	1,869,192	1,981,326
Electricity & Others	35,065	35,065	35,065	35,065	35,065
Fuel Cost	28,051	28,051	28,051	28,051	28,051
Administration Cost	112,203	112,203	112,203	112,203	112,203
Depreciation	-	-	-	-	-
Total Cost	2,615,590	2,709,774	2,809,576	2,915,423	3,027,557
Gross Profit	5,231,205	5,607,939	6,007,151	6,430,535	6,879,071
Commercial Tax					
Net Profit	5,231,205	5,607,939	6,007,151	6,430,535	6,879,071
Corporate Tax	1,307,801	1,401,985	1,501,788	1,607,634	1,719,768
Profit After Tax	3,923,404	4,205,954	4,505,363	4,822,901	5,159,303
CSR (2%)	78,468	84,119	90,107	96,458	103,186

နောက်ဆက်တွဲ (၈)
Sheet (1)

MAX HIGHWAY COMPANY LIMITED

Cash Flow Statement

(Kyat in thousands)

PARTICULARS	Construction Period 1,2&3	Operation Period									
		1	2	3	4	5	6	7	8	9	10
		Total	Total	Total	Total	Total	Total	Total	Total	Total	Total
	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats
CASH IN FLOW	0	37,823	83,759	132,280	141,178	195,547	162,741	172,248	218,503	267,626	319,668
Net Profit after Tax		(6,681)	39,255	87,776	96,674	151,043	118.237	127,744	173,999	223,122	275,164
Depreciation		44,504	44,504	44,504	44,504	44,504	44,504	44,504	44,504	44,504	44,504
CASH OUT FLOW	21,916,912		-	-	-	-	-	-	-	-	-
Capital Contribution	21,916,912										
NET CASH FLOW	(21,916,912)	37,823	83,759	132,280	141,178	195,547	162,741	172,248	218,503	267,626	319,668
Opening Balance		(21,916,912)	(21,879,089)	(21,795,330)	(21,663,050)	(21,521,872)	(21,326,325)	(21,163,584)	(20,991,336)	(20,772,833)	(20,505,207)
Closing Balance	(21,916,912)	(21,879,089)	(21,795,330)	(21,663,050)	(21,521,872)	(21,326,325)	(21,163,584)	(20,991,336)	(20,772,833)	(20,505,207)	(20,185,539)

Pay Back Period 29 Years 10 months

နောက်ဆက်တွဲ (၈)

Sheet (2)

MAX HIGHWAY COMPANY LIMITED

Cash Flow Statement

(Kyat in thousands)

PARTICULARS	11	12	13	14	15	16	17	18	19	20
	Total	Total	Total	Total	Total	Total	Total	Total	Total	Total
	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats
CASH IN FLOW	420,623	479,104	541,101	606,725	676,351	664,236	653,038	731,406	814,641	902,848
Net Profit after Tax	48,374	106,855	168,852	234,476	304,102	291,987	621,214	699,582	782,817	871,024
Depreciation	372,249	372,249	372,249	372,249	372,249	372,249	31,824	31,824	31,824	31,824
CASH OUT FLOW	-	-	-	-	-	-	-	-	-	-
Capital Contribution										
NET CASH FLOW	420,623	479,104	541,101	606,725	676,351	664,236	653,038	731,406	814,641	902,848
Opening Balance	(20,185,539)	(19,764,916)	(19,285,812)	(18,744,711)	(18,137,986)	(17,461,635)	(16,797,399)	(16,144,361)	(15,412,955)	(14,598,314)
Closing Balance	(19,764,916)	(19,285,812)	(18,744,711)	(18,137,986)	(17,461,635)	(16,797,399)	(16,144,361)	(15,412,955)	(14,598,314)	(13,695,466)

နောက်ဆက်တွဲ (၈)
Sheet (3)

MAX HIGHWAY COMPANY LIMITED
Cash Flow Statement

(Kyat in thousands)

PARTICULARS	21	22	23	24	25	26	27	28	29	30
	Total	Total	Total	Total	Total	Total	Total	Total	Total	Total
	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats
CASH IN FLOW	949,108	1,048,331	1,153,300	1,264,720	1,382,858	1,365,919	1,491,145	1,623,826	1,764,398	1,913,680
Net Profit After Tax	949,108	1,048,331	1,153,300	1,264,720	1,382,858	1,365,919	1,491,145	1,623,826	1,764,398	1,913,680
Depreciation										
CASH OUT FLOW	-	-	-	-	-	-	-	-	-	-
Capital Contribution										
NET CASH FLOW	949,108	1,048,331	1,153,300	1,264,720	1,382,858	1,365,919	1,491,145	1,623,826	1,764,398	1,913,680
Opening Balance	(13,695,466)	(12,746,358)	(11,698,027)	(10,544,727)	(9,280,007)	(7,897,149)	(6,531,230)	(5,040,085)	(3,416,259)	(1,651,861)
Closing Balance	(12,746,358)	(11,698,027)	(10,544,727)	(9,280,007)	(7,897,149)	(6,531,230)	(5,040,085)	(3,416,259)	(1,651,861)	261,819

နောက်ဆက်တွဲ (ဃ)
Sheet (4)

MAX HIGHWAY COMPANY LIMITED
Cash Flow Statement

(Kyat in Thousands)

PARTICULARS	31	32	33	34	35	36	37	38	39	40
	Total	Total	Total	Total	Total	Total	Total	Total	Total	Total
	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats
CASH IN FLOW	2,029,420	2,197,097	2,374,745	2,562,947	2,762,572	2,733,288	2,944,405	3,168,277	3,405,499	3,656,978
Net Profit After Tax	2,029,420	2,197,097	2,374,745	2,562,947	2,762,572	2,733,288	2,944,405	3,168,277	3,405,499	3,656,978
CASH OUT FLOW	-	-	-	-	-	-	-	-	-	-
Capital Contribution										
NET CASH FLOW	2,029,420	2,197,097	2,374,745	2,562,947	2,762,572	2,733,288	2,944,405	3,168,277	3,405,499	3,656,978
Opening Balance	261,819	2,291,239	4,488,336	6,863,081	9,426,028	12,188,600	14,921,888	17,866,293	21,034,570	24,440,069
Closing Balance	2,291,239	4,488,336	6,863,081	9,426,028	12,188,600	14,921,888	17,866,293	21,034,570	24,440,069	28,097,047

နောက်ဆက်တွဲ (၅)

Sheet (5)

MAX HIGHWAY COMPANY LIMITED

Cash Flow Statement

(Kyat in Thousands)

PARTICULARS	41	42	43	44	45
	Total	Total	Total	Total	Total
	Kyats	Kyats	Kyats	Kyats	Kyats
CASH IN FLOW	3,923,404	4,205,954	4,505,363	4,822,901	5,159,303
Net Profit After Tax	3,923,404	4,205,954	4,505,363	4,822,901	5,159,303
CASH OUT FLOW	-	-	-	-	-
Capital Contribution					
NET CASH FLOW	3,923,404	4,205,954	4,505,363	4,822,901	5,159,303
Opening Balance	28,097,047	32,020,451	36,226,405	40,731,768	45,554,669
Closing Balance	32,020,451	36,226,405	40,731,768	45,554,669	50,713,972

MAX HIGHWAY COMPANY LIMITED

Calculation of Internal Rate of Return

(Kyat In Thousand)

Year	Cash Inflow	Cash Outflow	Net Cash Flow	DF 1 %		DF 5%	
				Rate	PV	Rate	PV
1*		21,916,912	(21,916,912)	1.000	(21,916,912)	1.000	-21916912
1	37,823		37,823	0.990	37,449	0.952	36022
2	83,759		83,759	0.980	82,109	0.907	75972
3	132,280		132,280	0.971	128,390	0.864	114268
4	141,178		141,178	0.961	135,669	0.823	116147
5	195,547		195,547	0.951	186,056	0.784	153216
6	162,741		162,741	0.942	153,309	0.746	121440
7	172,248		172,248	0.933	160,659	0.711	122413
8	218,503		218,503	0.923	201,784	0.677	147891
9	267,626		267,626	0.914	244,701	0.645	172514
10	319,668		319,668	0.905	289,391	0.614	196248
11	420,623		420,623	0.896	377,014	0.585	245930
12	479,104		479,104	0.887	425,180	0.557	266783
13	541,101		541,101	0.879	475,445	0.530	286957
14	606,725		606,725	0.870	527,828	0.505	306437
15	676,351		676,351	0.861	582,575	0.481	325336
16	664,236		664,236	0.853	566,475	0.458	304294
17	653,038		653,038	0.844	551,411	0.436	284918
18	731,406		731,406	0.836	611,468	0.416	303914
19	814,641		814,641	0.828	674,311	0.396	322381
20	902,848		902,848	0.820	739,924	0.377	340274
21	949,108		949,108	0.811	770,135	0.359	340675
22	1,048,331		1,048,331	0.803	842,225	0.342	358372
23	1,153,300		1,153,300	0.795	917,383	0.326	375481
24	1,264,720		1,264,720	0.788	996,051	0.310	392149
25	1,382,858		1,382,858	0.780	1,078,309	0.295	408362
26	1,365,919		1,365,919	0.772	1,054,555	0.281	384152
27	1,491,145		1,491,145	0.764	1,139,837	0.268	399401
28	1,623,826		1,623,826	0.757	1,228,969	0.255	414228
29	1,764,398		1,764,398	0.749	1,322,138	0.243	428654
30	1,913,680		1,913,680	0.742	1,419,803	0.231	442782
31	2,029,420		2,029,420	0.735	1,490,766	0.220	447202
32	2,197,097		2,197,097	0.727	1,597,958	0.210	461096
33	2,374,745		2,374,745	0.720	1,710,061	0.200	474646
34	2,562,947		2,562,947	0.713	1,827,313	0.190	487869
35	2,762,572		2,762,572	0.706	1,950,139	0.181	500827
36	2,733,288		2,733,288	0.699	1,910,363	0.173	471922
37	2,944,405		2,944,405	0.692	2,037,543	0.164	484165
38	3,168,277		3,168,277	0.685	2,170,756	0.157	496169
39	3,405,499		3,405,499	0.678	2,310,187	0.149	507923
40	3,656,978		3,656,978	0.672	2,456,221	0.142	519458
41	3,923,404		3,923,404	0.665	2,609,076	0.135	530764
42	4,205,954		4,205,954	0.658	2,769,280	0.129	541894
43	4,505,363		4,505,363	0.652	2,937,046	0.123	552828
44	4,822,901		4,822,901	0.645	3,112,920	0.117	563611
45	5,159,303		5,159,303	0.639	3,297,078	0.111	574212
	50,013,959	-	50,713,972		15,464,946		(8,878,018)

Internal Rate of Return= 3.5%

နောက်ဆက်တွဲ (၁၀)

MAX HIGHWAY COMPANY LIMITED
Employee Statement

Sr. No.	Designation	No. of Man Power	Salary per Men		Salary Per Year (Kyat in Thousand)								
			Month	Year	Year (1-3)	Year (4-6)	Year (7-10)	Year (11-15)	Year (16-20)	Year (21-25)	Year (26-30)	Year (31-35)	Year (36-45)
1	Project Manager	1	500,000	6,000,000	6,000	6,300	6,615	6,946	7,293	7,658	8,041	8,443	8,865
2	Project Engineer	2	500,000	6,000,000	12,000	12,600	13,230	13,892	14,587	15,316	16,082	16,886	17,730
3	Plant & Mechinical Engineer	2	400,000	4,800,000	9,600	10,080	10,584	11,113	11,669	12,252	12,865	13,508	14,183
4	Admin Manager	1	450,000	5,400,000	5,400	5,670	5,954	6,252	6,565	6,893	7,238	7,600	7,980
5	Tool Gate Manager	1	200,000	2,400,000	2,400	2,520	2,646	2,778	2,917	3,063	3,216	3,377	3,546
6	Construction Asst: Engineer	3	350,000	4,200,000	12,600	13,230	13,892	14,587	15,316	16,082	16,886	17,730	18,617
7	Maintenance Asst: Eingeer	2	350,000	4,200,000	8,400	8,820	9,261	9,724	10,210	10,721	11,257	11,820	12,411
8	Plant & Mechinical Asst : Engineer	2	300,000	3,600,000	7,200	7,560	7,938	8,335	8,752	9,190	9,650	10,133	10,640
9	Driver	30	150,000	1,800,000	54,000	56,700	59,535	62,512	65,638	68,920	72,366	75,984	79,783
10	Store Keeper	3	150,000	1,800,000	5,400	5,670	5,954	6,252	6,565	6,893	7,238	7,600	7,980
11	Toll Staff	15	150,000	1,800,000	27,000	28,350	29,768	31,256	32,819	34,460	36,183	37,992	39,892
12	General Staff	10	110,000	1,320,000	13,200	13,860	14,553	15,281	16,045	16,847	17,689	18,573	19,502
13	Motor Transport Officer	1	200,000	2,400,000	2,400	2,520	2,646	2,778	2,917	3,063	3,216	3,377	3,546
14	Mechinic	3	200,000	2,400,000	7,200	7,560	7,938	8,335	8,752	9,190	9,650	10,133	10,640
15	Helper	5	120,000	1,440,000	7,200	7,560	7,938	8,335	8,752	9,190	9,650	10,133	10,640
16	Road Laying Worker	90	120,000	1,440,000	129,600	136,080	142,884	150,028	157,529	165,405	173,675	182,359	191,477
17	Quarry Production Worker	50	150,000	1,800,000	90,000	94,500	99,225	104,186	109,395	114,865	120,608	126,638	132,970
	Total	221			399,600	419,580	440,561	462,590	485,721	510,008	535,510	562,286	590,402



East Dagon Twp
ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်
E-ywa
Ywathitkon
Yangon
ရန်ကုန်
Pain Kan
Thanlyin
သန်လျင်
Dala
ဒလ
Thongwa
Chaungwa
Gwa-ywa
Pyawbwe
Yangon River
Tadar
Kyauktan
A-ngu
Kodaung
လမ်းတည့်နေရာပြပုံ
ဂိတ်တည့်နေရာပြပုံ

လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅) ၄ - ၄ / နပတ(၃၉)

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ ၁၄ ရက်

အကြောင်းအရာ။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနှင့် မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုမည့် B.O.T စာချုပ်(မူကြမ်း)(၂)ရပ်အပေါ် သဘောထားမှတ်ချက်ပေးရန်ကိစ္စ

ရည်ညွှန်းချက် ။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၉-၁၂-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁၅/ ဌာနခွဲ -၃ / ၂၀၁၅ (စီ ၃၃၀၉)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနနှင့် မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်တို့သည် ပဲခူး - သနပ်ပင် - ခရမ်း - သုံးခွ - သန်လျင်လမ်း (၆/၀)မိုင်၊ သန်လျင် - ကျောက်တန်းလမ်း (၈/၂)မိုင်၊ ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့်လမ်း (၁၀/၂)မိုင်၊ ဒဂုံ - သီလဝါလမ်း (၃/၃)မိုင်၊ စုစုပေါင်း (၂၇/၇)မိုင်တို့ကို B.O.T စနစ်ဖြင့် လမ်းပြုပြင်ဖောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရေးနှင့်လွှဲပြောင်းပေးရေးဆောင်ရွက်ရန် ချုပ်ဆိုမည့်စာချုပ်(မူကြမ်း)အပေါ်ဥပဒေကြောင်းအရ သဘောထားမှတ်ချက်ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်ပါစာဖြင့် ပူးတွဲပေးပို့လာသော စာချုပ်(မူကြမ်း)အပေါ်ဥပဒေရှုထောင့်မှ လေ့လာစိစစ်၍ အောက်ပါအတိုင်း အကြံပြုအပ်ပါသည်-

(က) စာချုပ်(မူကြမ်း) အပိုဒ် ၆ အရ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ဘဏ်အာမခံကိုပြည်ထောင်စုမြန်မာနိုင်ငံတော်ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများဥပဒေနှင့် ဗဟိုဘဏ်ဥပဒေများအရ ဗဟိုဘဏ်က တရားဝင်ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ပြုချက်ရရှိထားပြီး တရားဝင်ဘဏ် လုပ်ငန်းလုပ်ကိုင်လျက်ရှိသည့်

လျှို့ဝှက်

M-0???/ UHZW/ Max High Way (7-1-2016)

နိုင်ငံတော်ဘဏ် သို့မဟုတ် ဘဏ်တစ်ခုခု၌ထားရှိသင့်ပါသည်။ ဘဏ်အာမခံပုံစံမှာ သက်ဆိုင်ရာဘဏ်ကသတ်မှတ်ထားသော ဘဏ်အာမခံပုံစံဖြစ်ရန် လိုအပ်ပြီး စာချုပ်(မူကြမ်း)ပါ စည်းကမ်းချက်များနှင့်ညီညွတ်ရန် လိုအပ်ပါသည်။ ထို့အပြင် အဆိုပါဘဏ်အာမခံပုံစံအား စာချုပ်တွင်နောက်ဆက်တွဲအဖြစ် ပူးတွဲဖော်ပြရန်သင့်ပါသည်။

၃။ ဤစာချုပ်(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီဥပဒေကြောင်းအရသာ ဥပဒေ အကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့်မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

၄။ မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်သည် ဥပဒေအရ တရားဝင်ဖွဲ့စည်းထားသော ကုမ္ပဏီဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းများကို လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ကိုင်နိုင်ခွင့်ရှိ မရှိ၊ ငွေကြေးအင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင်လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်းခံရသူဟုတ် မဟုတ် စသည်တို့နှင့်စပ်လျဉ်း၍ ကြိုတင်စိစစ်ရန်လိုအပ်မည်ဖြစ်ပါသည်။

၅။ ဤစာချုပ်(မူကြမ်း)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန် အတွက် ဤရုံးသို့ စာချုပ်မိတ္တူ(၃)စောင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(ကျော်ဆန်း)

ညွှန်ကြားရေးမှူးချုပ်(တာဝန်)

ဆောက်လုပ်ရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

မိတ္တူ - ရုံးလက်ခံ / မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

လမ်းဦးစီးဌာန

နှင့်

“ မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်”

တို့အကြားချုပ်ဆိုသည့်

ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့်လမ်း၊

ဒဂုံ–သီလဝါလမ်း၊ သန်လျင်–ကျောက်တန်းလမ်းနှင့်

ပဲခူး–သနပ်ပင်–ခရမ်း–သုံးခွ–သန်လျင်လမ်း တို့ကို

ဖောက်လုပ် ပြုပြင် အဆင့်မြှင့်တင်ခြင်း ၊ လုပ်ငန်းလုပ်ကိုင်ခြင်း နှင့်

လွှဲပြောင်းပေးခြင်း

(BUILD OPERATE AND TRANSFER)

ပဋိညာဉ်စာချုပ်

ကန်ထရိုက်နံပါတ် (၂၀၁၅–၁၆/ဘီအိုတီ/)

ရက်စွဲ ၂၀၁၆ ခုနှစ်၊ လ၊ ( ) ရက်

ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့်လမ်း (၁၀) မိုင် (၂) ဖာလုံ၊ ဒဂုံ-သီလဝါလမ်း (၃) မိုင် (၃) ဖာလုံ၊ သန်လျင်-ကျောက်တန်းလမ်း(၈) မိုင် (၂) ဖာလုံနှင့် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း (၆) မိုင်၊ စုစုပေါင်း (၂၇) မိုင် (၇) ဖာလုံအား ဖောက်လုပ် ပြုပြင် အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်း နှင့် လွှဲပြောင်းပေးခြင်း (BUILD OPERATE AND TRANSFER) မဉ္ဇူဿဥ်စာချုပ်

ဤစာချုပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နေပြည်တော်တွင် ၂၀၁၆ ခုနှစ်၊ လ ( ) ရက်နေ့၌ ညွှန်ကြားရေးမှူးချုပ်၊ ဦးဝင်းဖေ ကိုယ်စားပြုသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အဆောက်အဦအမှတ် (၁၁)၊ နေပြည်တော် (ဤမှ နောင်တွင် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ဟု ရည်ညွှန်းခေါ်ဆိုမည်ဖြစ်ရာ၊ ယင်းစကားရပ်တွင် တာဝန်ရှိသူအရ သောလည်းကောင်း၊ အမိပ္ပါယ်အရသော်လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင် ကွဲလွဲခြင်းမရှိပါက၊ ယင်း၏ဆက်ခံသူများနှင့် ခွင့်ပြုလွှဲအပ် သူများပါဝင်သည်ဟု မှတ်ယူရမည်) က တစ်ဖက်

နှင့်

မန်းနေးဂျင်းဒါရိုက်တာ၊ ဦးဇော်ဇော်၊ နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ---------------- ၊ ကိုယ်စားပြုသော၊ မက်(စ်)ဟိုင်းဝေးကုမ္ပဏီလီမိတက်၊ အမှတ် (၁၂၃)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ (ဤမှနောင်တွင် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ဟု ရည်ညွှန်းခေါ်ဆို ရမည်ဖြစ်ရာ ယင်းစကားရပ်တွင် တာဝန်ရှိသူ အရသော် လည်းကောင်း၊ အမိပ္ပါယ်အရသော် လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင် ကွဲလွဲခြင်းမရှိပါက ယင်း၏တရားဝင် ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ဥပဒေအရ ခွင့်ပြုလွှဲအပ်သူများ ပါဝင်သည်ဟု မှတ်ယူရမည်) က အခြားတစ်ဖက်တို့ ချုပ်ဆိုကြပါသည်။

နိဒါန်း

"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လမ်းနှင့်တံတားအသုံးပြုခနှင့် အခြားအကျိုးခံစားခွင့်များကို ထည့်သွင်း စဉ်းစား၍ စာချုပ်ပါလုပ်ငန်းများ ဆောင်ရွက်ရန် အလို့ငှာ ဤပဋိညာဉ်စာချုပ်ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ နှစ်ဦးနှစ်ဖက်အကြေအလည်ညှိနှိုင်းပြီးနောက် အောက်ပါအတိုင်း သဘောတူကြပါသည်။

အဓိပ္ပါယ်ဖွင့်ဆိုချက်များ

၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူပိုင်စက်ယန္တရားများ" ဆိုသည်မှာ ဤစီမံကိန်းလုပ်ငန်းကို ပြီးစီး အောင်ဆောင်ရွက်ရာတွင်လည်းကောင်း၊ လုပ်ငန်းပျက်စီးသည့်အစိတ်အပိုင်းများပြုပြင်ဆောင်ရွက် ရာတွင်လည်းကောင်း၊ အသုံးပြုမည့်စက်၊ ယာဉ်၊ ယန္တရားများ၊ စက်သုံးကိရိယာတန်ဆာပလာ ပစ္စည်းများကို ခေါ်ဆိုသည်။ အမြဲတမ်းလုပ်ငန်းများအတွက် ရည်ရွယ်၍ တည်ဆောက်ထား သော အဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းသုံးပစ္စည်းများ ပါဝင်ခြင်းမရှိစေရပါ။

(ခ) "ပစ္စည်း" ဆိုသည်မှာ (စက်ရုံ၊ အလုပ်ရုံများမှအပ) ဤပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များ အရ စီမံကိန်းလုပ်ငန်းအတွက် လိုအပ်သော "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ ဝယ်ယူသည့် လိုအပ်ပါကနိုင်ငံခြားမှ မှာယူတင်သွင်းသော ပစ္စည်းများအပါအဝင် လုပ်ငန်းသုံးပစ္စည်းများ အားလုံးကို ခေါ်ဆိုသည်။

(ဂ) "အမြဲတမ်းလုပ်ငန်းများ" ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်ပါ စီမံကိန်းလုပ်ငန်းတွင် အကျုံးဝင်သောပုံစံပြု ဆောင်ရွက်ရမည့် အမြဲတမ်းလုပ်ငန်းများကို ခေါ်ဆိုပါသည်။

(ဃ) "စက်ရုံ၊ အလုပ်ရုံ" ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များအရ " လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"မှ ဤစီမံကိန်းလုပ်ငန်းတွင် အကျုံးဝင်သော အမြဲတမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ စက်ပစ္စည်း၊ ကိရိယာ(လိုအပ်ပါက နိုင်ငံခြားမှ မှာယူတင်သွင်းသည့် စက်ပစ္စည်း၊ ကိရိယာ) များတပ်ဆင်သည့် စက်ရုံ၊ အလုပ်ရုံကိုခေါ်ဆိုသည်။

(င) "အပိုင်း" ဆိုသည်မှာ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ တာဝန်ယူ ပုံစံပြုဆောက်လုပ်ရမည့်လုပ်ငန်းတစ်စိတ်တစ်ပိုင်းကို ဆိုလိုသည်။

(စ) "လုပ်ငန်းခွင်နေရာ" ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်တွင် ရည်ညွှန်းဖော်ပြထားသည့် လုပ်ငန်းတစ်စိတ်တစ်ပိုင်း၏နေရာများ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"မှ လုပ်ငန်းဆောင်ရွက်ရန်သတ်မှတ်ပေးထားသည့်နေရာများ၊ ရုံးအဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံတည်ဆောက်ထားသည့်နေရာများ၊ ပစ္စည်းများ စုပုံထားသည့်နေရာများကို ခေါ်ဆိုပါသည်။

(ဆ) "ယာယီလုပ်ငန်းများ" ဆိုသည်မှာ ဤစီမံကိန်း "လုပ်ငန်း" ကို ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း၊ လုပ်ငန်း၏ ပျက်စီးယိုယွင်းနေသည့် အစိတ်အပိုင်းများပြုပြင်ဆောင်ရွက်ရာတွင်လည်းကောင်း၊ အထောက်အကူပြုသည့်လုပ်ငန်းများကိုခေါ်ဆိုပါသည်။

(ဇ) "ပြောင်းလဲခြင်း" ဆိုသည်မှာ ဤ ပဋိညာဉ်အပိုဒ် ၁၆ ပါ စည်းကမ်းချက်များ အရ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏ တရားဝင်ကိုယ်စားလှယ်မှအတည်ပြုပြီးသောလုပ်ငန်းပြောင်းလဲခြင်း၊ (သို့မဟုတ်)"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"၏ တရားဝင်ကိုယ်စားလှယ်မှ လုပ်ငန်းသဘာဝအရ လုပ်ငန်းပိုမိုကောင်းမွန်စေရန် လုပ်ငန်းပြောင်းလဲလုပ်ကိုင်ရန် တရားဝင်ညွှန်ကြားသည့်လုပ်ငန်းများကို ဆိုလိုသည်။

(ဈ) "စာချုပ်" ဆိုသည်မှာ ဤပဋိညာဉ်စာချုပ်ကိုဆိုလိုသည်။

(ည) "လုပ်ငန်းအပြီးသတ်ဆောင်ရွက်ပြီးစီးမှုလက်မှတ်" (**Final Completion Certificate**) ဆိုသည်မှာပဋိညာဉ်စာချုပ်၏ နောက်ဆက်တွဲ(က ၁)ပါ နည်းပညာဆိုင်ရာစံချိန်စံညွှန်း သတ်မှတ်ချက်များ (**Technical Specifications**) နှင့်အညီ လမ်းမကြီးကို ဖောက်လုပ်ပြီးစီးသည့်အခါ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" မှ စစ်ဆေး၍ ယင်းနည်းပညာဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီစွာဖောက်လုပ်ထားကြောင်းတွေ့ရှိချိန်တွင် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" အား "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" မှ ထုတ်ပေးသည့်လက်မှတ်ဖြစ်သည်။

ဆောင်ရွက်ရမည့်လုပ်ငန်းများ

၂။ ဤစီမံကိန်းလုပ်ငန်းလမ်းမကြီး ဖောက်လုပ်တည်ဆောက်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လမ်းနယ်နိမိတ်အတွင်းသစ်ပင်များခုတ်လှဲခြင်း၊ သစ်ငုတ်များဖယ်ရှားခြင်း၊ရှင်းလင်းခြင်းလုပ်ငန်း။

(ခ) လမ်းကြောင်းမြေတူးဖော်ခြင်းလုပ်ငန်း။

(ဂ) လမ်းကြောင်းမြေဖို့ရန် အခြားနေရာများမှ မြေတူးခြင်းလုပ်ငန်း။

(ဃ) လမ်းမြေသား တာဘောင်ဖို့ခြင်းလုပ်ငန်း။

(င) လက်ရှိလမ်းကိုချဲ့ခြင်း (Widening)။

(စ) ဒု–အခြေခံလွှာ တည်ဆောက်ခြင်းလုပ်ငန်း။

(ဆ) အခြေခံလွှာ တည်ဆောက်ခြင်းလုပ်ငန်း။

(ဇ) လမ်းမျက်နှာပြင်ညှိလွှာ (Regulating Course) တည်ဆောက်ခြင်းလုပ်ငန်း။

(ဈ) ကတ္တရာဖြင့် (Penetration Macadam) တည်ဆောက်ခြင်းလုပ်ငန်း။

(ည) ကတ္တရာရေပိတ်လွှာနှစ်ထပ်လောင်းခြင်းလုပ်ငန်း။

(ဋ) လမ်းပုခုံးများတည်ဆောက်ခြင်း၊ လမ်းဘေးဝဲ/ယာရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း၊ နိမ့်သော မြေသားမျက်နှာပြင်များ ဖြည့်ပြင်ခြင်းလုပ်ငန်းများ။

(ဌ) လမ်းသားနှင့် ဝဲ/ယာရေနုတ်မြောင်း၊ ကြားဖြတ်ရေနုတ်မြောင်းများတည်ဆောက်ခြင်း။

(ဍ) လမ်းအကွာအဝေးပြမိုင်တိုင်များစိုက်ထူခြင်းလုပ်ငန်း။ လမ်းအမှတ်အသားပြတိုင်များ စိုက်ထူခြင်းလုပ်ငန်း၊ အဆင့်မီ လမ်း–တံတားအသုံးပြုခကောက်ခံရန်ဂိတ်များ၊ ကောက်ခံသည့်ရုံးများ၊ ထိန်းချုပ်ရေးနှင့် ဆက်သွယ်ရေးစခန်းများ၊ ယာဉ်ရပ်နားစခန်းများ၊ လမ်းကူးလမ်းစပ်များ၊ နားခိုရန်နေရာများ၊ အပန်းဖြေစခန်းများနှင့် ကြော်ငြာဆိုင်းဘုတ်များစိုက်ထူရန်အတွက် ပုံစံပြုရန်နှင့် တည်ဆောက်ရန်၊ မြို့ရှောင်လမ်းများဖောက်လုပ်ပေးရန်။

(ဎ) စီမံကိန်းလုပ်ငန်း လမ်းမကြီးနှင့် ဆက်သွယ်သည့်လမ်းများ ဖောက်လုပ်ခြင်း။

(ဏ) လမ်း–တံတားအသုံးပြုခကောက်ခံရေးဂိတ်များနှင့် အခြားအထောက်အကူပြုအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်း။

စံချိန်စံညွှန်းများ

၃။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" မှ သတ်မှတ်ထားသည့် နောက်ဆက်တွဲ (က) ပါ နည်းပညာဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်၊ အချို့လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရန် မဖြစ်နိုင်ပါက လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခွင့်ရှိသည်–

(က) လမ်းမြေသားတာဘောင်ဖို့ခြင်း။ လမ်းမြေသားတာဘောင်ဖို့ခြင်းဆောင်ရွက်ရာတွင် မြေသားအတွင်း သစ်ပင်သစ်ဆွေးများ၊ ကျန်းမာရေးထိခိုက်စေနိုင်သည့် ပစ္စည်းများ မပါဝင်စေရန် သတိပြုဆောင်ရွက်ရမည်၊ သတ်မှတ်ထားသည့် အမြင့်နှင့် လမ်းသားပုံရရှိစေရန် ဆောင်ရွက်ပေးရမည်၊ မြေသားသိပ်သည်းမှုသည် သတ်မှတ်ချက်၏ (၉၀) ရာခိုင်နှုန်းထက် မနည်းစေရ။

(ခ) အောက်ခံမြေ။ အောက်ခံမြေသားမှာလမ်းသားအလွှာအောက်ရှိ တူးထုတ်ထားသော(သို့မဟုတ်) ဖို့ထားသောမြေသားအလွှာဖြစ်ပါသည်၊ အောက်ခံမြေသားကို သတ်မှတ်ရွေးချယ်ထားသော မြေသားဖြင့် သတ်မှတ်သိပ်သည်းမှုရရှိအောင် ကြိတ်ထားသည့်အနည်းဆုံး (၁၂) လက်မအထူရှိသည့် မြေသားအလွှာဖြစ်ပါသည်၊ သိပ်သည်းမှုမှာ သတ်မှတ်သိပ်သည်းမှု၏ (၉၅) ရာခိုင်နှုန်း (သို့မဟုတ်)၎င်းအထက်ရှိရမည်၊ စီ ဘီ အာ(ရေစိမ်)တန်ဖိုးသည် (၅) ရာခိုင်နှုန်းထက် မနည်းရှိစေရမည်။

(ဂ) လမ်းဟောင်းကိုချဲ့ခြင်း (Widening) နှင့်ထပ်ပိုးလွှာတင်ခြင်း (Overlay)။ လမ်းဟောင်းကိုချဲ့ခြင်းနှင့်ထပ်ပိုးလွှာတင်ခြင်းဆောင်ရွက်ရာတွင် လမ်းသုတေသနဓါတ်ခွဲခန်းမှ အတည်ပြုပေးထားသည့် လမ်းသားအထုနှင့် သတ်မှတ်ပေးသည့် တည်ဆောက်ပုံနည်းစနစ်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊ ထပ်မံတိုးချဲ့ခြင်း နှင့် ထပ်ပိုးလွှာတင်သည့်အပိုင်းကို ကျစ်လျစ်သိပ်သည်းမှုရရှိအောင် စက်ယန္တရားများဖြင့် ခင်းကြိတ်ရမည်။

(ဃ) ဒု-အခြေခံလွှာ။ ဒု-အခြေခံလွှာ၏ အနည်းဆုံးလိုအပ်ချက်မှာ ကျောက်ရောမြေ (သို့မဟုတ်) ဂဝံ (သို့မဟုတ်) ခွဲကျောက်အား (၁၂) လက်မ (သိပ်သည်းပြီး) ရရှိအောင် ကြိတ်ထားသောအလွှာကို ခေါ်ဆိုပါသည်၊ သတ်မှတ်သိပ်သည်းမှုမှာ (၉၅) ရာခိုင်နှုန်း ရှိရမည်ဖြစ်ပြီး စီ-ဘီ-အာ(ရေစိမ်)တန်ဖိုးသည် (၃၀) ရာခိုင်နှုန်း (သို့မဟုတ်) ၎င်းအထက် ရှိစေရမည်။

(င) အခြေခံလွှာ။ ဒု-အခြေခံလွှာနှင့်အပေါ်မျက်နှာပြင်အကြားရှိပြီး အနည်းဆုံး ခွဲကျောက်ကို (၆)လက်မထုသိပ်သည်းလွှာရရှိအောင် ဆောင်ရွက်ရမည့်အလွှာဖြစ်ပါသည်၊ စီ ဘီ အာ (ရေစိမ်)တန်ဖိုးသည် (၈၀) ရာခိုင်နှုန်းအထက် ရှိစေရမည်။

(စ) လမ်းမျက်နှာပြင်ညှိလွှာ (Regulating Course)။ လက်ရှိ လမ်းမျက်နှာပြင်အနေအထားအပေါ်မှတည်၍ (Penetration Macadam) မခင်းမီ လမ်းမျက်နှာပြင်ညှိလွှာကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရမည်။

(ဆ) ကနဦးလွှာကတ္တရာလောင်းခြင်း။ ကတ္တရာရေပိတ်လွှာမလောင်းမီ လမ်းမျက်နှာပြင်အား ဖုန်များ၊ ရွှံ့များ၊အမှိုက်သရိုက်များ သန့်ရှင်းအောင်ဆောင်ရွက်ရမည် ရေပိတ်လွှာကတ္တရာအား " လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ " ၏သတ်မှတ်ချက်များအတိုင်းဆောင်ရွက်ရမည်။

(ဇ) ကတ္တရာဖြင့် (Penetration Macadam)တည်ဆောက်၍ ကတ္တရာရေပိတ်လွှာနှစ်ထပ်ခင်းခြင်းလုပ်ငန်း။ ကတ္တရာဖြင့် (Penetration Macadam) သိပ်သည်းပြီး (၃)လက်မအထုကို ကတ္တရာစိမ့်ဝင်မှု(၁.၅)လက်မရှိသော(Semi Grout) ရှိအောင် လမ်းသုတေသနဓါတ်ခွဲခန်းမှ သတ်မှတ်ပေးသည့် စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ပြီးနောက် ကတ္တရာ ရေပိတ်လွှာနှစ်ထပ်ကို စံချိန်စံညွှန်းနှင့်အညီဆက်လက် တည်ဆောက်ရမည်။

(ဈ) အမာခံလမ်းပုခုံး (Hard Shoulder) တည်ဆောက်ခြင်း။ လက်ရှိလမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် အကျယ် (၄)ပေ၊ အထု (၉)လက်မ (သိပ်သည်းပြီး) ရှိသည့် ဂဝံ (သို့မဟုတ်) ကျောက်ရောမြေဖြင့် တည်ဆောက်ထားသည့် စီ-ဘီ-အာ၂၅% (သို့မဟုတ်) ၃၀% အင်အားရှိသော လမ်းပုခုံးတည်ဆောက်ရပါမည်၊ [နောက်ဆက်တွဲ (က-၁ မှ က-၁၀) ပါအတိုင်း]

(ည) ဤလမ်းစီမံကိန်းလုပ်ငန်း၏ လမ်းနယ်နိမိတ်အား ဖြတ်သန်းသည့်နေရာများတွင် ပေ (၂၀၀) အကျယ် သတ်မှတ်သည်။

(ဋ) ယာဉ်သွားလမ်း (၂)လမ်းအတွက် လမ်းသားအကျယ်ကို ပျမ်းမျှတစ်နေ့ ယာဉ်စီးရေ AADT (Annual Average Daily Traffic)၅၁ မှ ၅၀၀ အထိရှိပါက (၁၈)ပေ အကျယ်ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ၅၀၁ မှ ၂၀၀၀ အထိရှိပါက (၂၄) ပေအကျယ် ကတ္တရာလမ်းအဖြစ်လည်းကောင်း၊၂၀၀၁ မှ ၅၀၀၀ အထိရှိပါက (၄၈) ပေအကျယ် ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ၅၀၀၁ မှ အထက်ရှိပါက (၇၂) ပေ အကျယ် ကတ္တရာလမ်းအဖြစ်လည်းကောင်း တည်ဆောက်ပေးရမည်၊ ပျမ်းမျှတစ်နေ့ ယာဉ်အစီးရေ AADT (Annual Average Daily Traffic) (၂၀၀၀) ကျော်သွားသည့်အခါတွင် ကတ္တရာကွန်ကရစ်(Asphalt Concrete)တည်ဆောက်ပေးရမည်၊ " လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ " မှ လုပ်ငန်းလိုအပ်ချက်အရ တရားဝင် ညွှန်ကြားလာသည့်အခါ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" က ယာဉ်သွားလမ်း (၂၄) ပေအကျယ်ကတ္တရာကွန်ကရစ် (Asphalt Concrete) တည်ဆောက်ပေးရမည်။ ပျမ်းမျှ တစ်နေ့ယာဉ်အစီးရေ (၂၀၀၀)ထက်ပိုမိုကျော်လွန်ပြီး (၂) လမ်းသွားနှင့် မလုံလောက်ပါက (၄) လမ်းသွား ကတ္တရာကွန်ကရစ်လမ်း တည်ဆောက်ပေးရမည်။

(၄) လမ်းသားတည်ဆောက်ရာတွင် ယာဉ်နှင့်ကုန်အလေးချိန်စုစုပေါင်း အနည်းဆုံး(၆၀)တန်ခံနိုင်ရန် တည်ဆောက်ပေးရမည်။

(၃) တံတားများတည်ဆောက်ရာတွင် (**AASHTO HS 20-44** လမ်းမကြီးများသတ်မှတ်စံချိန်စံညွှန်းအရ) ယာဉ် နှင့် ကုန် စုစုပေါင်းအလေးချိန် (၆၀) တန် ခံနိုင်ရန်တည်ဆောက်ပေးရမည်၊ တံတားအပေါ်ပိုင်းကိုယ်ထည်မှာ သံမဏိသံဘောင်တံတား (သို့မဟုတ်)သံအားဖြည့်ဘိလပ်မြေကွန်ကရစ်တံတားကိုယ်ထည်များ ဖြစ်စေရပါမည်။

"လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏တာဝန်များ

၄။ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"၏ တာဝန်များမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(က) လမ်း-တံတားများအား B.O.T. စနစ်ဖြင့် လုပ်ကိုင်မှုကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" က ကြီးကြပ်ကွပ်ကဲမှုပေးရမည်။

(ခ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ ပဋိညာဉ်စာချုပ်ပါ လုပ်ငန်းများဆောင်ရွက်နိုင်ရန် နှင့် ဥပဒေနှင့်အညီ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သောခွင့်ပြုမိန့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရရှိရန် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်။

(ဂ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည်လုပ်ငန်းစီမံကိန်းအတွက် လိုအပ်သောသက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာနများ၏ အတည်ပြုချက်၊ သဘောတူညီချက်နှင့် ခွင့်ပြုချက်များရရှိအောင် ဆောင်ရွက်ပေးရမည်။

(ဃ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည်လုပ်ငန်းစီမံကိန်းအတွက် အဆိုပြုထားသော လမ်းဖြောင့်တန်းမှု အတိုင်းရရှိစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

(င) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဖောက်လုပ်ပြီးစီးပါက လုပ်ငန်းစီမံကိန်း၏ အပြီးသတ် ဆောင်ရွက်ပြီးစီးမှု လက်မှတ် (**Final Completion Certificate**) ကို "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" အား ထုတ်ပေးရမည်၊ လမ်းအသုံးပြုခကောက်ခံခြင်းကိုလည်း ခွင့်ပြုရမည်။

"လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ၏တာဝန်များ

၅။ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ဤစာချုပ်ပါလမ်းအပိုင်းအတွက် လမ်း-တံတားအသုံးပြုခကောက်ခံရန် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရမည်။

(ခ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပဋိညာဉ်စာချုပ်ပါအချက်များနှင့်အညီ လုပ်ငန်းအတိုင်းအတာပမာဏကို ဆောင်ရွက်ရန်နှင့် ပံ့ပိုးပြုခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းပြီးစီးအောင်ဆောင်ရွက်ခြင်းနှင့် ပဋိညာဉ်စာချုပ်ပါအချက်များနှင့်အညီ ပျက်ကွက်မှုတစ်စုံတစ်ရာအတွက် ပြင်ဆင်မှုပြုခြင်းတို့ကို သဘောတူပြီးဖြစ်သည့်အတိုင်း ဆောင်ရွက်ရမည်။

(ဂ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"သည်အပိုဒ် ၂ ပါဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် အပိုဒ် ၃ပါ စံချိန်စံညွှန်းများကို ပြီးဆုံးအောင်ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဃ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံပြီး သီးခြားကုမ္ပဏီ တစ်ခုကို ဖွဲ့စည်း၍ အဆိုပြုသည့် လမ်းအပိုင်းပြုပြင် ဖောက်လုပ်စီမံအုပ်ချုပ်ခြင်းလုပ်ငန်းကို ပြုလုပ်လိုပါက လမ်းဦးစီးဌာန၏ ခွင့်ပြုချက်ရယူ၍ ပြုလုပ်နိုင်သည်။

(င) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ကြီးကြပ်သူ၊ အလုပ်သမား၊ စက်ရုံ၊ အလုပ်ရုံ၊ ပစ္စည်းများ၊ ကိရိယာတန်ဆာပလာ ယာယီလုပ်ငန်းများနှင့် အခြားလိုအပ်သော အရာဝတ္ထုများကို ဖြည့်ဆည်းထောက်ပံ့ရမည့်အပြင် ပုံစံပြုပြင်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ ပြီးဆုံးအောင်ဆောင်ရွက်ခြင်းနှင့် ပျက်ကွက်မှုအတွက် ပြင်ဆင်မှုပြုပေးခြင်းစသည်တို့ကို ဆောင်ရွက်ရမည်။

(စ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ယင်း၏ထိန်းချုပ်မှုအောက်ရှိ ဆောက်လုပ်ရေးစခန်းအားလုံးနှင့်လုပ်ငန်းများအားလုံးရှိလုပ်ငန်းခွင်နေရာများအား လုံလောက်မှု၊ တည်ငြိမ်မှုနှင့်ဘေးအန္တရာယ်ကင်းရှင်းစေမှုတို့အတွက် အပြည့်အဝ တာဝန်ယူရမည်။

(ဆ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပြည်တွင်းမှ ဝန်ထမ်းများ၊ အလုပ်သမားများ၊ ယင်းတို့၏ လုပ်အား၊ နေအိမ် အစားအသောက်နှင့် သယ်ယူပို့ဆောင်ရေးတို့ကို ယင်း၏ကိုယ်ပိုင်အစီအစဉ်ဖြင့် ဆောင်ရွက်ပေးရမည်၊ ထို့ပြင် လုပ်ငန်းဆောင်ရွက်ရန်အတွက်လိုအပ်ပါက ပြည်ပမှ ဝန်ထမ်းများ၊ လက်မှုပညာသည်များနှင့် အလုပ်သမားများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ခေါ်ယူခန့်ထားနိုင်သည်။

(ဇ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ဝန်ထမ်းနှင့် အလုပ်သမားများ၏ ကျန်းမာရေး နှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကာကွယ်မှုအစီအစဉ်များ ပြုလုပ်ပေးရမည်။

(ဈ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပုံစံပြုဆောင်ရွက်စဉ်နှင့် လုပ်ငန်းအကောင်အထည်ဖော်စဉ်အတွင်း လိုအပ်သော ကြီးကြပ်ကွပ်ကဲမှုများကို လုပ်ငန်းအပြီးသတ် ဆောင်ရွက်ပြီးစီးမှုလက်မှတ် (**Final Completion Certificate**)ရရှိသည်အထိ ပြုလုပ်ပေးရမည်၊(**Final Completion Certificate**) ရရှိပြီး "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏သဘောတူညီချက်ဖြင့် လမ်းအသုံးပြုခကို စတင်ကောက်ခံခွင့်ရှိသည်။

(ည) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပြည်ပမှအလုပ်သမားများ မြန်မာနိုင်ငံတွင် ရှိနေစဉ်အတွင်း မြန်မာနိုင်ငံ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများကို လေးစားလိုက်နာရန်နှင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တာဝန်ယူရမည်။

(ဋ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် ပစ္စည်း၊ ထုတ်ကုန်(သို့မဟုတ်)ကိရိယာတန်ဆာပလာများဝယ်ယူမှုအတွက် တစ်ဆင့်ခံ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူတစ်ဦး(သို့မဟုတ်)အများကိုလွှတ်လပ်စွာ ပြောင်းလဲနိုင်သည်၊ တစ်ဆင့်ခံ လုပ်ငန်း လုပ်ကိုင်ခွင့် ရသူ အားလုံးသည် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"၏အမည်ကို သာရယူရမည့်အပြင် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏သဘောတူညီချက်နှင့်အညီ ဖြစ်ရမည်။

(ဌ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"သည် လမ်းနှင့်တံတားများ၏ပုံစံအတွက် အဆိုပြုချက် တင်သွင်းရမည်၊ သို့ရာတွင် ယင်းတို့သည် အသေးစိတ်ဖော်ပြချက်ပါ လိုအပ်ချက်များထက်အဆင့်မနိမ့်စေရ၊ အဆိုပြုချက် အသစ်တင်ပြရန် လိုအပ်လာပါက အဆိုပြုချက် အသစ်အရ ဆောင်ရွက်ရာတွင် ဆောက်လုပ်မည့်အချိန်ဇယားသည်နောက်ကျခြင်းမရှိစေရ။

(ဍ) မြေတိုင်းသည့်မြေပုံတွင် ဖော်ပြထားသည့်လမ်း၏ လမ်းအူကြောင်းကို "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏ခွင့်ပြုချက်ဖြင့်လိုအပ်သလိုပြင်နိုင်သည်။

(ဎ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု (လုပ်ငန်းခွင်နေရာအတွင်းနှင့်အပြင်) အတွက် လုပ်ငန်းဆောင်ရွက်မှုကြောင့် လေထု၊ ရေနှင့်မြေအား ညစ်ညမ်းမှုနှင့်သဘာဝပတ်ဝန်းကျင် အခြေအနေယုတ်လျော့မှုမရှိအောင် ထိန်းသိမ်းရန်၊ အများပြည်သူအား နှောင့်ယှက်မှုမရှိစေရန်တို့အတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ပေးရမည်။

(ဏ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"သည် အထူးအကြောင်းကိစ္စရပ်များကြောင့် သတ်မှတ်ချိန်အတွင်း လုပ်ငန်းကို ပြီးစီးအောင်မဆောင်ရွက်နိုင်လျှင် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံ စာဖြင့်ရေးသား၍ တောင်းဆိုမှုပြုနိုင်သည်၊ ယင်းတောင်းဆိုရာတွင် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်မှုအတွက် အသေးစိတ်အချက်အလက်များနှင့် အချိန်တိုးမြှင့်ပေးရန်အတွက် အသေးစိတ်အကြောင်းပြချက်များပါဝင်ရမည်၊ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" သည် ယင်းတင်ပြချက်အထောက်အထားများအပေါ်အခြေပြု၍ အချိန်တိုးပေးရန် စဉ်းစားမည်။

(တ) လမ်းဖြတ်သန်းသွားလာသည့် ဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်ရာတွင် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် သစ်တောဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

(ထ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ"သည် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏စာဖြင့်ရေးသားထားသောခွင့်ပြုချက်မရဘဲ လုပ်ငန်းကိုလွှဲပြောင်းခြင်း၊ လုပ်ငန်းတစ်စိတ်တစ်ဒေသကို ထပ်ဆင့်ငှားရမ်းခြင်းမပြုရ။

(ဒ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံမှ လုပ်ငန်း စတင်ရန် အကြောင်းကြားချက် ရရှိသည်နှင့် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည်လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းမရှိစေရန်အတွက် လုပ်ငန်းစီမံကိန်း နယ်နိမိတ်အတွင်းရှိ လမ်းနှင့်တံတားများကို ကောင်းစွာထိန်းသိမ်းထားရှိရမည်၊ ထို့အပြင်လုပ်ငန်းဆောင်ရွက်သည့်ကာလအတွင်း လမ်းများ၊ တံတားများကို ကောင်းမွန်သောအနေအထားရှိစေရန် အစဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးယိုယွင်းသွား၍ စံချိန်စံညွှန်းအတိုင်းပြန်လည်တည်ဆောက်ရန် လိုအပ်သည့် လမ်း-တံတား (လေလံတံတားများမပါဝင်ပါ) လုပ်ငန်းများကိုလည်းကောင်း " လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" က မိမိစရိတ်ဖြင့် ဆောင်ရွက်ရမည်။

(ဓ) "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏စာဖြင့် ရေးသားထားသော ခွင့်ပြုချက်မရဘဲ လမ်း-တံတားအသုံးပြုခကောက်ခံရေးဂိတ်များနှင့် ကောက်ခံသည့်နှုန်းထားများကို ပြောင်းလဲခြင်းမပြုရ။

(န) စာချုပ်အရ ကင်းလွတ်ခွင့်ပြုထားသည့် မော်တော်ယာဉ်များမှအပ ကျန်မော်တော်ယာဉ်များကို လမ်းအသုံးပြုခကောက်ခံနိုင်သည်။

(ပ) စတင်ကောက်ခံသည့်ပထမ (၅) နှစ်ကာလအတွက် လမ်း/တံတားအသုံးပြုခမှ နိုင်ငံတော်သို့ပေးသွင်းခြင်းကို ကင်းလွတ်ခွင့်ပြုသည်၊ ကျန်ကာလအတွက် အောက်ပါအတိုင်း နိုင်ငံတော်သို့ပေးသွင်းရန်ဖြစ်သည်-

(၁) ပထမ (၅)နှစ်အတွက် - ကင်းလွတ်ခွင့်ကာလ
(၂) ၆ နှစ်မြောက်မှ ၁၅ နှစ်မြောက်အထိ (၁၀)နှစ် - ၅% ပေးသွင်းရန်
(၃) ၁၆ နှစ်မြောက်မှ ၂၅ နှစ်မြောက်အထိ (၁၀)နှစ် - ၁၀% ပေးသွင်းရန်
(၄) ၂၆ နှစ်မြောက်မှ ၃၅ နှစ်မြောက်အထိ (၁၀)နှစ် - ၁၅% ပေးသွင်းရန်
(၅) ၃၆ နှစ်မြောက်မှ ၄၅ နှစ်မြောက်အထိ (၁၀)နှစ် - ၂၀% ပေးသွင်းရန်
(၆) ၄၅ နှစ်ကျော်ကာလအတွက် အချိန်တိုးမြှင့်ကောက်ခံခွင့် တင်ပြချိန်တွင် နိုင်ငံတော်မှ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအတိုင်း ပေးသွင်းရန်ဖြစ်ပါသည်။

(ဖ) " လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လမ်းအသုံးပြုခ ကောက်ခံရငွေ စုစုပေါင်း၏ စာရင်းဇယားများကို နှစ်သက်တမ်းအလိုက် ပြက္ခဒိန်နှစ်၏ဇန်နဝါရီလ(၁)ရက်မှ ထိုနှစ် ဒီဇင်ဘာလ(၃၁)ရက်နေ့အထိ စနစ်တကျတိကျမှန်ကန်စွာပြုစုထားရမည်၊ တစ်နှစ်တာလမ်းအသုံးပြုခကောက်ခံရငွေများစာရင်းကို " လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏ စာရင်းစစ်အဖွဲ့ လာရောက်စစ်ဆေးချိန်တွင် စစ်ဆေးခံရန် အသင့်ဖြစ်နေရမည်။

(ဗ) လမ်းအသုံးပြုခကောက်ခံရငွေများစာရင်းကို " လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"၏စာရင်းစစ်အဖွဲ့မှ နောက်နှစ်၏နှစ်ဆန်း ဇန်နဝါရီလ (၁)ရက်နေ့မှစတင်၍ လာရောက်စစ်ဆေးပြီး နှစ်သက်တမ်းအလိုက် ပေးသွင်းရမည့်ရာခိုင်နှုန်းအရ ကျသင့်ငွေပမာဏကို ဖော်ပြအသိပေးအကြောင်းကြားရမည်။

(ဘ) " လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် " လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏ စာရင်းစစ်အဖွဲ့မှ ကောက်ခံရငွေများစာရင်းကို စစ်ဆေးပြီး နောက်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" မှ သတ်မှတ်ပေးသော အစိုးရဘဏ်နှင့် ငွေစာရင်းအမှတ်သို့ ဘဏ်ငွေလွှဲလွှာ (သို့မဟုတ်) မျဉ်းသားချက်လက်မှတ်ဖြင့်ပေးသွင်းရပါမည်၊ နိုင်ငံတော်သို့ ပေးသွင်းရမည့်ငွေပမာဏကိုရက်ပေါင်း(၃၀)အတွင်း အကြေပေးသွင်းရန်ဖြစ်ပြီး ပေးသွင်းပြီးကြောင်း အထောက်အထား ငွေသွင်းချလံ ကို (၇)ရက်အတွင်း " လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ"ထံ တင်ပြရပါမည်၊ အဆိုပါပေးသွင်းရမည့်သတ်မှတ်ရက်ထက် ကျော်လွန်ပေးသွင်းပါက ရက်လွန်ဒဏ်ကြေးအဖြစ် (၁)ရက်လျှင် ပေးသွင်းရမည့် ငွေ (၁၀၀) ကျပ်လျှင် (၁)ကျပ်နှုန်း အပိုဆောင်းပေးသွင်းရမည်၊ ရက်လွန်ဒဏ်ကြေးပါ ပေးသွင်းရပါက ပေးသွင်းရန်ငွေနှင့် ရက်လွန်ဒဏ်ကြေးတို့ကို တစ်ပေါင်းတည်း အပြည့်ပေးသွင်းရမည်၊ ပေးသွင်းရန်ငွေနှင့် ရက်လွန်ဒဏ်ကြေးပေးသွင်းခြင်းကို အစစ်ဆေးခံသည့်နှစ်၏ နောက်ပြက္ခဒိန်နှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ထက် မကျော်လွန်စေရပါ။

(ဈ) ညှိနှိုင်းဆောင်ရွက်သော ကောက်ခံနှုန်းများအတိုင်း "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ ကောက်ခံရရှိသည့်အကျိုးအမြတ်မရှိဘဲ အရှုံးပေါ်ပေါက်လာပါက ကောက်ခံသည့်လမ်းအသုံးပြုခနှုန်းထားများကို ညှိနှိုင်း ပြင်ဆင်ရန်အတွက် တင်ပြခွင့်ရှိသည်။ သို့ရာတွင် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ၏ဆုံးဖြတ်ချက်မှ စီစစ်ထားသည့် (၁)နှစ်ကျော် ဝင်ငွေ ထွက်ငွေ အရှုံးအမြတ် စာရင်း အလားအလာအတွက် အထောက်အထားနှင့် မှတ်ချက်တင်ပြရမည်။

(ည) ခွင့်ပြုထားသော စာချုပ်သက်တမ်းကာလ (၄၅) နှစ် ပြည့်ပြီးနောက် "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" မှ အကျိုးအမြတ် မရရှိသေးသည်ဖြစ်စေ၊ ဆက်လက်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ လည်းကောင်း၊ စာချုပ်သက်တမ်းကာလကို နောက်ထပ် (၁၀) နှစ် (၁) ကြိမ်သက်တမ်းတိုးမြှင့်၍ ဆောင်ရွက်ခွင့်ရရှိရေးအတွက် "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" ထံ တင်ပြနိုင်သည်။

(ဋ) "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" သည် လုပ်ငန်းတစ်ခုလုံးအား တစ်ဆင့်ခံလုပ်ကိုင်ခွင့် မပြုရ။

